မြန်မာနိုင်ငံပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ စာတမ်းများ

# မြန်မာနိုင်ငံပညာရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပဏာမအကဲဖြတ်ချက်

## မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အတွေ့အကြုံများ





ဘရုခ် ဇိုဘရစ် နှင့် ပက်ထရစ် မက်ကောမစ်

ဒီဇင်ဘာ ၂၀၁၃

ဆွေးနွေးချက် စာတမ်း အမှတ် - ၁

MDRI CESD

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံပညာရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပဏာမအကဲဖြတ်ချက်

## မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အတွေ့အကြုံများ

ဘရုန် ဖိုဘရစ်နှင့် ပက်ထရစ် မက်ကောမစ်

ဒီဇင်ဘာ ၂၀၁၃

***မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေးချက်စာတမ်းများ*** သည် မြန်မာ့ဖွံ့ဖြိုး တိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) နှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation) တို့အကြား သုတေသန ပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းချက် တစ်ရပ် ဖြစ်သည်။ ဤ ဆွေးနွေးချက်စာတမ်းများသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ရှိ မူဝါဒ ချမှတ်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး နယ်ပယ်၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်တကွ အခြားသော စိတ်ပါဝင်စားကြသည့် သက်ဆိုင်သူများအားလုံးအား မူဝါဒနှင့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များအပေါ် တိုက်ရိုက် အသိပေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား အချိန်မီ သုတေသနပြု တင်ပြနိုင်ရန်ရည်ရွယ်သည်။ ဤစာတမ်းအတွဲများအတွက် ပြုလုပ်သည့် သုတေသနများတွင် အစိုးရ၊ နိုင်ငံရေးနယ်ပယ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူမှု အသိုက်အဝန်းများထံမှ အမြင်များကို ထည့်သွင်းလေ့လာထားပြီး ဆီလျော်မှုအရှိနိုင်ဆုံးမူဝါဒ ဆန်းစစ်လေ့လာချက် နှင့် နိုင်ငံတကာမှ အတွေ့အကြုံများကိုလည်း တင်ပြထားပါသည်။ MDRI-CESD နှင့် အာရှဖောင်ဒေးရှင်းတို့ အနေဖြင့် ထုတ်ဝေခဲ့ပြီး ဖြစ်သော၊ ဆောင်ရွက်ဆဲဖြစ်သော၊ ရှေ့တွင် ဆောင်ရွက်မည်ဖြစ်သော သုတေသနများအပေါ် ပါဝင်အကြံပြု ဆွေးနွေးမှုများကို ကြိုဆိုပါသည်။

**မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD)** သည် လွတ်လပ်သည့် သုတေသန အဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှု အသွင်ကူးပြောင်းရေး အတွက် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဆင်ရဲမှု လျှော့ချရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကောင်းမွန်သော အုပ်ချုပ်ရေး ကိစ္စရပ်များအပေါ် ပူပေါင်းပါဝင်သည့် သုတေသနပြုမှုများ လုပ်ဆောင်နေပါသည်။ ထို့အပြင် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ အဓိကပါဝင်လျက်ရှိကြသည့် အင်စတီကျူးရှင်းများ၊ အဖွဲ့အစည်းများကို သင်တန်းနှင့် ပညာရပ်များ ပံ့ပိုးပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**အာရှဖောင်ဒေးရှင်း(The Asia Foundation)** သည် ပြောင်းလဲ ဖွံ့ဖြိုးလာသော အာရှဒေသအတွင်း ပိုမိုတိုးတက်သည့် ဘဝများ ဖြစ်ပေါ်လာအောင် ကြိုးစားဆောင်ရွက်နေသည့် အကျိုးအမြတ်အတွက်မဟုတ်သော နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း တစ်ခုဖြစ်သည်။ အာရှဒေသ၌ ဆယ်စုနှစ် ခြောက်ခုတိုင်အောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ နက်ရှိုင်းသည့် ဒေသဆိုင်ရာ နားလည် ကျွမ်းကျင်မှုတို့ဖြင့်၊ အာရှနိုင်ငံ ၁၈ နိုင်ငံတွင် ရုံးခွဲများဖွင့်လှစ်၍ အာရှဒေသအပေါ် သက်ရောက်လျက်ရှိသည့် ၂၁ ရာစု၏ အရေးကြီးလှသော ကိစ္စရပ်များဖြစ်သည့် အုပ်ချုပ်ရေးနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးများ စွမ်းအားဖြည့်ဆည်းမှု၊ သဘာဝပါတ်ဝန်းကျင် နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး တို့အပေါ် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။

MDRI CESD

No. 27, Pyay Road,
6(1/2) mile, Hlaing Township,
Yangon, Myanmar

The Asia Foundation

No. 21, Bo Yar Zar Street,
Ward 14, Kyauk Kone, Yankin Township,
Yangon, Myanmar

## အမှာစကား

မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) နှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation)တို့အနေဖြင့် မြန်မာနိုင်ငံပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေးချက် စာစဉ်များအနက် ဤပထမတွဲကို စတင် ထုတ်ဝေတင်ပြနိုင်သည့်အတွက် ဝမ်းမြောက် ကျေနပ်မိပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းလဲမှု အရှိန်အဟုန်သည် လျှင်မြန်စွာဖြင့် တစ်သမတ်တည်း တိုးတက်ဖြစ်ပေါ်လျက် ရှိပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေး အတတ်ပညာတို့မှာ တိုင်းပြည်၏ ရေရှည်ဖွံ့ဖြိုးမှုအတွက် လွန်စွာပင်အရေးကြီးလှပြီး မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင် ဦးစားပေးဆောင်ရွက်မှုများလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ်နှင့် ဆက်နွယ်ပတ်သက်သော အဓိကသော့ချက်ကျသည့် ပြုပြင်စရာများနှင့် ပတ်သက်ပြီး၊ အချိန်မီ သုတေသနပြုရန်နှင့် ဆန်းစစ်လေ့လာမှုပြုရန်အတွက် အမှန်တကယ် လိုအပ်မှု ရှိလာပါသည်။ အာရှဖောင်ဒေးရှင်းနှင့် MDRI-CESD တို့အကြား တိုးချဲ့ပူးတွဲဆောင်ရွက်ထားသည့် ဆွေးနွေးချက် စာတမ်းများ သည် တစ်မျိုးသားလုံးနှင့် ဒေသဆိုင်ရာအဆင့်များတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး အသိုင်းအဝိုင်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် အခြားစိတ်ဝင်စားသော အကျိုးစီးပွားရှင်များအား လည်းကောင်း၊ မူဝါဒနှင့် ပြုပြင်ရေးလုပ်ငန်းစဉ်များကို တိုက်ရိုက်အသိပေးသော ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့် အုပ်ချုပ်ရေး ပြဿနာများဆိုင်ရာ သုတေသနတွေ့ရှိချက်နှင့်တကွ မြန်မာ့မူဝါဒချမှတ်သူများအား လည်းကောင်း ပံ့ပိုးကူညီမှု ပေးရန် ရည်ရွယ်ပါသည်။

လက်ရှိ မြန်မာနိုင်ငံ တွေ့ကြုံဖြတ်သန်းနေရသော ပိုမိုကျယ်ပြန့်သည့် အသွင်ကူးပြောင်းရေးအတွက် ပညာရေးကဏ္ဍမှာ အရေးကြီးသော သုတေသနပြုရန်အကြောင်းအရာတစ်ရပ် ဖြစ်ပါသည်။ ဤဆွေးနွေးထားသော စာတမ်း၌ ပက်ထရစ် မက်ကောမစ်နှင့် ဘရုန်ဖိုဘရစ် တို့တင်ပြထားသော သုတေသနပြုချက်များသည် နိုင်ငံတော်အစိုးရမှ အင်တိုက်အားတိုက်ဆောင်ရွက်နေ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးတွင် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုဖြစ်သော ပညာရေးဝန်ကြီးဌာန၏ တုံ့ပြန်လိုက်ပါဆောင်ရွက်နိုင်မှုအပေါ် စစ်ဆေး ကြည့်ရှုနိုင်ရန် တင်ပြထားကြောင်းနားလည်နိုင်ပါသည်။ နယ်ပယ်အသီးသီးမှ စာဖတ်ရှုသူများထံသို့ ရောက်ရှိရန် ရည်ရွယ်လျက်၊ ဤစာတမ်းသည် သက်ဆိုင်ရာဆက်စပ်မှုသမိုင်း၊ မူဝါဒအဆောက်အအုံနှင့် ပညာရေးကဏ္ဍအပေါ် သက်ရောက်စေမည့် ပြုပြင် ပြောင်းလဲရေးဆိုင်ရာ ဆက်စပ်စဉ်းစားသင့်သော အချက်များကို တင်ပြထားပါသည်။ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများမှတစ်ဆင့် စုဆောင်းရရှိခဲ့သော အချက်အလက်များကို အသုံးပြုလျက်၊ ပိုမိုကျယ်ပြန့်သော ပညာရေးကဏ္ဍ၊ အမျိုးသား မူဝါဒများများနှင့် ဒေသန္တရအုပ်ချုပ်ရေးအတွင်းမှ ပြောင်းလဲမှုများအကြား တစ်ခုနဲ့တစ်ခု ဆုံတွေ့ဖြတ်သန်း ထားသည့် အရေးပါသော လမ်းကြောင်းများကို စာရေးသူများက မီးမောင်းထိုးပြပြီး လေ့လာဆန်းစစ်ထားပါသည်။ စာတမ်းကို စာရေးသူများ၏ အဓိက မူဝါဒဆိုင်ရာ စဉ်စားသုံးသပ်ချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

ဤအစီရင်ခံစာကို ဗြိတိန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုဌာန(DFID)မှ ငွေကြေးကူညီထောက်ပံ့ခဲ့ပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော သဘောထားတင်ပြချက်များသည် စာရေးသူများနှင့်သာ လုံးလုံးသက်ဆိုင်ပြီး DFID၊ MDRI-CESD (သို့) အာရှဖောင်ဒေးရှင်းတို့၏ သဘောထား အဖြစ် ထပ်ဟပ်ခြင်းမရှိပါကြောင်း ပြောကြားလိုပါသည်။

ဒေါက်တာ ဇော်ဦး<br>
အမှုဆောင်ဒါရိုက်တာ<br>
MDRI-CESD

ဒေါက်တာ ကင်မ်နင်ချ်<br>
မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်<br>
The Asia Foundation

# မြန်မာနိုင်ငံပညာရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပဏာမအကဲဖြတ်ချက်

# မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အတွေ့အကြုံများ

ဘရုခ် ဇိုဘရစ်နှင့် ပက်ထရစ် မက်ကောမစ် (ပီအိပ်ချ်ဒီ)[1]

## ၁။ နိဒါန်း

ဤဆွေးနွေးချက်စာတမ်းသည် မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ တရားဝင် ပညာရေးစနစ်အတွင်း၌ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆောင်ရွက်ချက်များကို လေ့လာစစ်ဆေးထားခြင်း ဖြစ်ပါသည်။ စဉ်းစားမှတ်ယူထားသော ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ရှုထောင့်အမြင်များတွင် ရသုံးမှန်းခြေငွေစာရင်း၊ လူ့စွမ်းအား အရင်းအမြစ်များ၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှု၊ မူဝါဒဘောင် သတ်မှတ်ချက်များနှင့် အလုံးစုံဆုံးဖြတ် ချမှတ်ဆောင်ရွက်မှု အခွင့်အာဏာ တို့အပါအဝင် ပညာရေးစီမံခန့်ခွဲမှုအတွက် ဗဟိုနှင့်ပြည်နယ်များအကြား အစီအစဉ်များ ပါဝင်ပါသည်။[2] ပညာရေးလုပ်ငန်းဆောင်ရွက်မှုတွင် ပါဝင်ကူညီသော အစိုးရမဟုတ်သူ တစ်ချို့ကို သုံးသပ်ထားပါ သည်။ အထူးသဖြင့် သူတို့၏ ပါဝင်မှုကြောင့် တရားဝင်ပညာရေးစနစ် ရင်ဆိုင်နေရသော စိန်ခေါ်မှုတစ်ချို့ကို စတင်သက်သာရာ ရစေသောကြောင့် ဖြစ်ပါသည်။ စာတမ်းသည် စိန်ခေါ်မှုများအား ထည့်သွင်းစဉ်းစားချက်အပြင်၊ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်အခါ ကြုံတွေ့လာရနိုင်မှုအား ရှေးရှုပြီး ထပ်မံကြိုးပမ်းအားထုတ်မှု အလားအလာများကို ဖော်ပြ၍ နိဂုံးချုပ်ထားပါသည်။ တစ်ချိန်တည်းတွင်၊ အကယ်၍ ပြင်ပငွေကြေးထောက်ပံ့မှု တိုးပွားလာခဲ့သော် ပညာရေးစနစ်အပေါ် ကျရောက်လာနိုင်သည့် အန္တရယ် အချို့ကိုလည်း မီးမောင်းထိုးပြထားပါသည်။

၂၀၁၀ မတ်လတွင် ဖွဲ့စည်းခဲ့သော အစိုးရသစ်က ထုတ်ပြန်ကြေညာခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ အပေါ် ကျယ်ကျယ်ပြန့်ပြန့် စိတ်ဝင်စားမှုများ ရရှိခဲ့ပါသည်။ သို့နှင့်တိုင် ပြုပြင်ပြောင်းလဲမှု အခြေအနေမှာ နေရာကဏ္ဍအားလုံးတွင် တစ်ညီတစ်ညာတပြေးညီ မရှိသေးပါ။ ပြောင်းလဲမှုနှင့်ပြုပြင်ရေးတစ်ချို့ကို အကောင် အထည်ဖော်ခဲ့ကြပြီး၊ တစ်ချိန်တည်းတွင် နောက်ထပ်အများအပြားသော ပြုပြင်ပြောင်းလဲရေးများကိုလည်း ကြေညာလျက် ဆောင်ရွက်နေစဲများလည်း ရှိပါသည်။ မြန်မာအစိုးရက အခြေခံပညာရေးအား နိုင်ငံတော်မှ ကမကထပြုသော သတ်မှတ်ပြဌာန်းပေးမှုတွင် ဗဟိုချုပ်ကိုင်မှုအား လျှော့ချပေးခြင်းကို ရည်မှန်းချက် ပန်းတိုင်တစ်ရပ် အဖြစ် ပေါ်လွင်ထင်ရှားအောင် ဖော်ပြထားပါသည်။ ပညာရေးဝန်ကြီးဌာနသည် ကာကွယ်ရေးဝန်ကြီးဌာန ပြီးနောက် မြန်မာအစိုးရတွင် ဒုတိယအကြီးဆုံးဌာနဖြစ်ခြင်းကြောင့် အုပ်ချုပ်စီမံခန့်ခွဲမှုတွင် ပြောင်းလဲမှု လမ်းကြောင်းအတွင်းသို့ အသုံးဝင်သော ထွင်းဖောက် မြင်နိုင်စွမ်းတစ်ရပ်ကို ရရှိစေပါသည်။

---

[1] ဇိုဘရစ်သည် လွန်ခဲ့သည့် ဆယ့်နှစ်နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံပညာရေးနှင့်ဆက်စပ်ပြီး လုပ်ကိုင်ခဲ့သည်။ အချိန်အများစုအား ထိုင်း-မြန်မာ နယ်စပ်တွင် လုပ်ကိုင်ခဲ့ပြီး၊ လွန်ခဲ့သော လေးနှစ်ခန့်မှစ၍ နိုင်ငံတွင်း၌ အချိန်ပြည့်နေထိုင်ကာ ပညာရေးဆိုင်ရာ သုတေသနနှင့် အတိုင်ပင်ခံ အလုပ်များ လုပ်ကိုင်ခဲ့သည်။ မက်ကော်မစ်သည် လွန်ခဲ့သော ခြောက်နှစ်တာ ကာလအတွင်း ပညာရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ဖွံ့ဖြိုးရေးနယ်ပယ်များ၌ သုတေသီ/အကြံပေးအဖြစ်လုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သည့် ရှစ်နှစ်ခန့်ကတည်းက မြန်မာနိုင်ငံအတွင်း၌ နေထိုင်ခဲ့သည်။

[2] မြန်မာနိုင်ငံတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ စုစုပေါင်းအားဖြင့် ၁၄ ခု ရှိသည်။ မြန်မာအသုံးအနှုန်းတွင် 'ပြည်နယ်' မှာ လူနည်းစု တိုင်းရင်းသားများနေထိုင်ကြသည့် ဒေသများဟူ၍ အများအားဖြင့် မှတ်ယူကြလေ့ရှိသည်။ (ကချင်၊ မွန်၊ ချင်း၊ ရှမ်း၊ ကရင်၊ ကယား ပြည်နယ်တို့ဖြစ်သည်)။ လူများစုဖြစ်သည့် ဗမာလူမျိုးများအဓိကနေထိုင်ကြသည့် ဒေသများကို 'တိုင်းဒေသကြီး' ဟု ခေါ်ဆိုကြသည် (ရန်ကုန်၊ တနင်္သာရီ၊ မကွေး၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး တိုင်းဒေသကြီးများ ဖြစ်ကြသည်)။ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ခြောက်ခု ရှိပြီး၊ ဗဟိုအုပ်ချုပ်ရေးဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် ပတ်သက်နေရသည့် အအပစ်အခတ်ရပ်စဲထားသည့် ဒေသများစွာလည်း ရှိပါသည်။ ဤစာတမ်း၌ ပြည်နယ်အဆင့်ဟု သုံးနှုန်းရာတွင် ၎င်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးနှစ်ခုလုံးကို ဆိုလိုခြင်းဖြစ်သည်။

ဤအစီရင်ခံစာပါ တွေ့ရှိချက်များကို အောက်မြန်မာနိုင်ငံ အပစ်အခတ်ရပ်စဲရေးဒေသများတွင် များစွာ တက်ကြွလှုပ်ရှားလျက်ရှိသော လူမျိုးစုပညာရေးဌာနတစ်ခုဖြစ်သည့် မွန်အမျိုးသားပညာရေး ကော်မတီမှ ခေါင်းဆောင်များအပြင် အစိုးရတာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာကြီးများပါဝင်သော ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်လုပ်ကိုင်ထားသော စာတမ်းဝေဖန်သုံးသပ်မှုတစ်ခုနှင့် တွေ့ဆုံမေးမြန်းမှု ဆယ့်နှစ်ခုတို့အပေါ်မှာ အခြေခံထားပါသည်။[3] သုတေသနပညာရှင်များနှင့် ဆွေးနွေးနိုင်ရန်အတွက် တွေ့ဆုံ မေးမြန်းမှုများ၏ ပွင့်လင်းမှုတွင် ဒေသကြီးအလိုက် ပြောင်းလဲကွာခြားမှု ရှိပါသည်။ ဝန်ကြီးဌာနအရေးကိစ္စများအကြောင်းကို ပြင်ပလူများနှင့် ဆွေးနွေးပြောဆိုရန် ခွင့်ပြုချက်ပေးမှုကို ပညာရေးဝန်ကြီးမှ ပြောထားသော်လည်း အလေ့အကျင့်ဟောင်းများ မေးမိန်ပျောက်ကွယ်ရေးမှာ ခက်ခဲနေပြီး ထိုစနစ်အတွင်းမှ အောက်ခြေအဆင့်မှ ပုဂ္ဂိုလ်များမှာ အထက်မှခွင့်ပြုချက်မပါဘဲ ပြုမူဆောင်ရွက်ရန် တွန့်ဆုတ်လျှက်ရှိကြဆဲပင်ဖြစ်သည်။ ဤအတွက် အမှန်လက်တွေ့အချက်မှာ ဗဟိုမှထုတ်ပြန်သော ညွှန်ကြားချက်များကို တစ်ညီတစ်ညာ မဖြစ်မနေ ဆက်လက်လုပ်ကိုင်ကြခြင်း မရှိဟုလည်း ယူဆရပါသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အား နှိုင်းယှဉ်စရာအချက်များ ရရှိစေရန် ရွေးချယ်ထားပါသည်။ မွန်ပြည်နယ်တွင် ရှည်ကြာသည့် လက်နက်ကိုင်ပဋိပက္ခရှိခဲ့ပြီး အစိုးရက တစ်စိတ်တစ်ပိုင်း အာဏာ သက်ရောက်သော အညိုရောင်ခေါ် နယ်မြေများအများအပြားနှင့် ဗဟိုအစိုးရ ထိန်းချုပ်မှုအောက်တွင် မရှိသော အနက်ရောင် နယ်မြေများ ရှိပါသည်။ မွန်ပြည်နယ်သည် အနည်းငယ်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ပြည်နယ်ဖြစ်ပြီး၊ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရောက်ကြသည့် လူအရေအတွက်လည်း များပြားပါသည်။ ယူနီဆက်နှင့် မြန်မာ့ငြိမ်းချမ်းရေး ဦးဆောင်ထောက်ပံ့မှုအဖွဲ့ (MPSI) တို့ကဲ့သို့သော အဖွဲ့အစည်းများ အများအပြားက ပြည်နယ်တွင်းရှိ ပညာရေးနှင့် ဆက်နွယ်နေသော အစီအစဉ်များကို ငွေကြေးထောက်ပံ့ ကူညီထားပါသည်။ ရန်ကုန်မြို့ရှိ ပညာရေးဝန်ကြီးဌာနအရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ ရန်ကုန်သည် တိုင်းပြည်၏ အရေးအကြီးဆုံးမြို့ဖြစ်ပြီး၊ ယခင်မြို့တော်လည်းဖြစ်ပါသည်။ မကြာသေးသော နောက်ဆုံးဆယ်စုနှစ်များအတွင်း ပြည်တွင်း၌ ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ရန်ကုန် တိုင်းဒေသကြီးမှာ လူမှုစီးပွား ပုံစံအရ ကြီးမားစွာ ကွဲပြား စုံလင်စွာ ရှိနေသော တိုင်းဒေသလည်း ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအတွင်း ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းမှာ အနည်းငယ်သာ ဖြစ်ပေါ်နေကြောင်း သုတေသနလုပ်ငန်းတွေ့ရှိချက်က ဖော်ပြနေသည်။ ဗဟိုအားပြုမှုကို လျှော့ချထားသည့် ပုံစံကို အနည်းငယ်တွေ့ရသည့်တိုင် ယင်းကြောင့် တစ်စုံတစ်ခုသော တာဝန်ရှိမှုပမာဏသည် အစိုးရအုပ်ချုပ်ရေး၏ အောက်ခြေအဆင့်များသို့ ရွှေပြောင်းဆင်းသက်ခဲ့သော်လည်း ထိုအဆင့်များရှိ ပုဂ္ဂိုလ်များတွင် တာဝန်ရှိယူနိုင်မှုများ (သို့မဟုတ်) အချိုးညီဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်နိုင်သော အခွင့်အာဏာမရှိပါ။ ပညာရေးနှင့် ဆက်နွယ်နေသော အစိုးရမူဝါဒများနှင့် ဗဟိုအာဏာလျှော့ချရေးလုပ်ဆောင်ချက်များကို ရှင်းလင်းပီပြင်စွာ ဖော်ပြထားခြင်းမရှိပါ။ အင်စတီကျူးရှင်းခေါ် အဆင့်မြင့်အတတ်ပညာအဖွဲ့အစည်းနှင့် အော်ဂနိုက်ဇေးရှင်းခေါ် အစီအစဉ်တကျ စည်းရုံးဖွဲ့စည်းမှုဆိုင်ရာ ယဉ်ကျေးမှုဓလေ့မှာ ဝန်ကြီးဌာနအနေနှင့် အထက်မှအောက်သို့ ဖြစ်နေပါသေးသည်။ တွေ့ဆုံမေးမြန်းခံရသူတို့က ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အပေါ် ၎င်းတို့ တင်ပြလိုမှုများကို၊ သူတို့တစ်ဦးချင်းစီ၏ ပြင်ပမှ အကောင်အထည်မဲ့ ကိစ္စရပ်များအဖြစ် ဖော်ပြခဲ့ကြသည်။ အောက်ခြေအဆင့်အုပ်ချုပ်ရေး၌ ကိုယ်ပိုင်လွတ်လပ်ခွင့် မရှိခြင်းကြောင့် ပညာရေးဝန်ကြီးဌာနအား အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် နိုင်ငံရေးသဘောဆောင်သည့် မြန်မာဘာသာအပြင် အခြားဘာသာစကားများဖြင့် ဝန်ဆောင်မှု ပေးခြင်းအပါအဝင် အခြားဖြေရှင်းဆောင်ရွက်ရန်ကိစ္စများကို အဟန့်အတား ဖြစ်စေနိုင်သည်။ သို့တည်းမဟုတ် ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ပြောရလျှင် ယေဘုယျအားဖြင့် ဒေသဆိုင်ရာ ပြည်သူများအား တုံ့ပြန်နိုင်မှုနှင့် တာဝန်ခံမှု ရှိရပေမည်။ မွန်အမျိုးသားပညာရေးကော်မတီနှင့် ဗဟိုအစိုးရတို့အကြား အလိုက်အထိုက် နေရာပေး ကူညီဆောင်ရွက်မှု နမူနာသည် ရှေ့လမ်းခရီးအတွက် အလားအလာရှိသော စံပြနမူနာတစ်ရပ် ဖြစ်ပါသည်။

[3] ဤစာတမ်းရေးသားသူများသည် မွန်ပြည်နယ်၌ ပြည်နယ်အဆင့်၊ ခရိုင်အဆင့် နှင့် မြို့နယ်အဆင့် ရုံးများမှ အရာရှိများနှင့် ကျောင်းအုပ်ကြီး ၄ ဦးကို မေးမြန်းခဲ့ကြသည်။ ရန်ကုန်တွင်လည်း အလားတူ အရာရှိများနှင့် ကျောင်းအုပ်ကြီးနှစ်ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်ချက်များအားလုံးကို မြန်မာဘာသာစကားဖြင့် ပြုလုပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းအစီအစဉ်များကို သိရှိနိုင်စေရန်အတွက် မေးမြန်းမှုကို စနစ်တကျပုံစံချ မေးမြန်းခဲ့ပါသည်။ ဖြစ်နိုင်ဖွယ်ရာ အလားအလာများအပေါ် ဆွေးနွေးမှုများမှ တဆင့် တွေ့ဆုံဖြေကြားပေးသူများ၏ အခြေအနေများအား မည်သို့ကိုင်တွယ်ဖြေရှင်းနေရသည်ဆိုသည်ကို ပိုမိုနားလည်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများမှာ ၃၀ မိနစ်မှ မိနစ် ၈၀ အကြား ကြာမြင့်ပါသည်။

## ၂။ ပညာရေး၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနောက်ခံ

### ၂။ (၁) မြန်မာနိုင်ငံ အုပ်ချုပ်မှုစနစ်

၂၀၁၀ နိုဝင်ဘာရွေးကောက်ပွဲနှင့် နောက်ပိုင်း အရပ်သားအစိုးရသို့ ပြောင်းလဲချိန်မှစ၍ သမ္မတ ဦးသိန်းစိန် က အဆင့်အားလုံးတွင် ဖွဲ့စည်းပုံနှင့် အုပ်ချုပ်စီမံမှု လက်တွေ့လုပ်ငန်းများအား ပြောင်းလဲမည့် အစီအစဉ်များကို ကြေညာခဲ့သည်။ [4] အမျိုးသားအဆင့် လွှတ်တော်များသည်လည်း အစည်းအဝေးများကို ပုံမှန်ကျင်းပလာခဲ့ပြီး ဆယ်စုနှစ်များစွာအတွင်း ပထမအကြိမ်အနေနှင့် စစ်မှန်၍ အရေးပါသော လွှတ်တော်တွင်း အချေအတင်ဆွေးနွေးငြင်းခုံမှုသည် နိုင်ငံရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ်ပြီး ဥပဒေသစ် အဆိုတင်သွင်းမှုများ ပြဋ္ဌာန်းမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ သို့သော်လည်း သက်ဆိုင်ရာ ပါဂင်လုပ်ဆောင်နေသူများအနေဖြင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် စိန်ခေါ်မှုအချို့ကိုလည်းရင်ဆိုင်နေလျက်ရှိပါသည်။ အလားတူပင် ပြည်နယ်နှင့် ဒေသကြီးအဆင့် လွှတ်တော်များအား အုပ်ချုပ်စီမံမှုတွင် ပိုမိုအားကြီးသော အခန်းနေရာမှ ပါဝင်လာစေရန် ပြဋ္ဌာန်းချက်ကို ချမှတ်ပေးထားသည်။ အောက်တွင် ဆွေးနွေးတင်ပြထားသကဲ့သို့ ပြည်နယ်အဆင့်လွှတ်တော်အတွက် ငွေကြေးထောက်ပံ့မှု ကို ဖယ်ထုတ်ထားပြီး ယင်းအဆင့် လွှတ်တော်များသည် ပြည်နယ်နှင့် ဒေသကြီး အုပ်ချုပ်စီမံမှုတွင် အင်အားကြီး၍ မြင်သာသော နေရာမှ ပါဝင်နိုင်ခြင်းမရှိသေးပေ။[5]

၁၉၆၂ ခုနှစ် ပထမအကြိမ် စစ်အာဏာမသိမ်းမီ၊ တိုင်းပြည်တွင် အစိုးရပုံသဏ္ဍာန်အမျိုးမျိုး၏ အားကောင်းချက်များနှင့် အားနည်းချက်များ မည်သို့ပင်ရှိစေကာမူ ၁၉၆၀ ကျော်နှစ်များက စတင်သော ဆယ်စုနှစ်များအတွင်း တိုင်းပြည်အုပ်ချုပ်စီမံမှုတွင် အထက်မှ အောက်သို့ ဆင်းသက်ခဲ့သော အသွင်လက္ခဏာ ရှိပြီး၊ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်မှုမှာ တာဝန်ခံမှု၊ တာဝန်ယူမှု သို့မဟုတ် ပြောင်းလဲပြုပြင် လုပ်ဆောင်နိုင်မှုတို့ကို အားပေးမြှင့်တင်နိုင်မှုများ မရှိခဲ့ပေ။ ဤအချိန်အတောအတွင်း၌ ထိပ်တန်းအဆင့် ဆုံးဖြတ်ချက် ချမှတ်သူများနှင့် အာဏာကိုင်စွဲသူများမှာ အာဏာပိုင်တို့၏ အတွေးအခေါ် အယူအဆများ (သို့မဟုတ်) သီးခြားဖြစ်သော ရေတိုအစီအစဉ်များအပေါ် အခြေခံလေ့ရှိသော ကြေညာချက်များကိုသာ ထုတ်ပြန်ခဲ့ကြသည်။ ထို့နောက် အောက်အဆင့် အာဏာပိုင်များနှင့် ဗျူရိုကရက်များက အထက်မှ ချပေးလိုက်သော အမိန့်များကို (အကော်အထည် ဖော်နိုင်သည့် အရည်အချင်းမရှိပဲနှင့်ပင်လျှင်) မျက်စိမှိတ် အကောင်အထည်ဖော်ခဲ့ကြရသည်။ မကြာခဏဆိုသလို နည်းလမ်းတကျ ငွေကြေး ထောက်ပံ့မှုကိုလည်း မရရှိဘဲ ဖြစ်တတ်ကြသည်။ ယခင်က အာဏာရှင် အစိုးရများလက်အောက်တွင် ဗဟိုအစိုးရက ကဏ္ဍအသီးသီး၌ ရည်မှန်းချက်များကို ချမှတ်ပေးခြင်းမှာ ရိုးနေပြီးသော အလေ့အကျင့် ဖြစ်သည်။ ထို့နောက် ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် ခက်ခဲသောအခြေအနေတွင် အောင်မြင်ပြီးစီးအောင် လုပ်ဆောင်ရန် မဖြစ်နိုင်အောင် ခက်ခဲခဲ့သော်လည်း ယင်းရည်မှန်းချက်များအား ပြည့်မီအောင်ဆောင်ရွက်ထားသောအကျိုးရလဒ်ကိုပြန်လည်အစီရင်ခံရန်မျှော်လင့်ထားခဲ့ပါသည်။

အစိုးရ ဗျူရိုကရေစီယန္တရား၏ အဖွဲ့ဝင်ရာခိုင်နှုန်း တော်တော်များများက မိမိတို့၏လုပ်ငန်းအတွင်း၌ ဂုဏ်ယူမှုရှိပြီး၊ အချက်အချာ နေရာ၌ တိုင်းပြည်အကျိုးစီးပွားရှိသည်ကို နားလည်သဘောပေါက်သော်လည်း အုပ်ချုပ်စီမံမှုသည် အရည်အချင်း ကျွမ်းကျင်ပြည့်ဝမှုမရှိ၊ သီးခြားဝန်ကြီးဌာနများအကြား ပွင့်လင်းမှုနှင့် ပြုပြင်ပြောင်းလဲနိုင်မှု အဆင့်ပမာဏသည် များပြားစွာ မတူကွဲပြားမှုကား ရှိပါသည်။ အာဏာကို ဘယ်လိုကျင့်သုံးမလဲ ဆိုခြင်းနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ရေးဆက်ခံမှုသည် အဓိကကျပါသည်။ ထို့ကြောင့် အထက် အဆင့်မြင့်ပုဂ္ဂိုလ်များနှင့် အောက်အဆင့်နိမ့်သူများအကြား ပွဲရှင်ဆက်ဆံရေးသည် လုပ်ထုံးလုပ်နည်း (သို့) လုပ်ငန်းစဉ်တို့ထက် များစွာပို၍ အရေးကြီးနေသည်။ နေ့စဉ်ပုံမှန်ဖြစ်နေကျ စည်းကမ်းချက်များအရ လတ်တလောကြီးကြပ်ရေးမှူးတစ်ယောက်ယောက်က လက်အောက်ငယ်သားတစ်ဦးအား ထိုသို့ ပြုလုပ်ရန် သဘောတူ အတည်ပြုခြင်း (သို့) ညွှန်ကြားခြင်းမပြုလုပ်ခဲ့လျှင် အရေးယူ ဆောင်ရွက်မှုဖြစ်ပေါ်မည် မဟုတ်ဟူသော အနေအထားဟု အဓိပ္ပါယ်ရရှိသည်။ [6] အုပ်ချုပ်ရေးယန္တရား အဆင့်အားလုံး၌ရှိသော

---

[4] သမ္မတဦးသိန်းစိန်၏ ဩဂုတ် ၉ ရက် မိန့်ခွန်းတွင် ပြည်နှင့် တိုင်းဒေသကြီးများရှိ ဌာနများနှင့် လွှတ်တော်များအကြား လုပ်ငန်းဆက်သွယ် ဆောင်ရွက်မှုများ ပိုမို ရှင်းလင်းလာစေရန် အတွက် ပြည်သူရေးရာ အုပ်ချုပ်စီမံမှုဆိုင်ရာ အဓိက ပြုပြင်ပြောင်းလဲမှု ၅ ရပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

[5] Hamish Nixon et al, State and Region Governments in Myanmar (Yangon: The Asia Foundation and Myanmar Development Resource Institute-CESD, 2013).

[6] ပိုမိုရှင်းလင်းစေရန် David Steinberg ၏ Burma/Myanmar: What Everyone Needs to Know(Oxford, UK: Oxford University Press, 2010) ကိုကြည့်ပါ။

များစွာသော ပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် အုပ်ချုပ်စီမံမှုလုပ်ငန်းစဉ်ကို ပြောင်းလဲရန်လိုလားကောင်း လိုလားနိုင်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရာတွင် ကြာရှည်စွာကိုင်စွဲလာခဲ့သော ရာထူးအဆင့်ဆင့် ပုံစံများ၊ အတည်ပြုချက် ပေးခြင်းနှင့် အာဏာလုပ်ပိုင်ခွင့်ကို ဆက်လက်ထိန်း ထားခြင်းရှိနေဆဲဖြစ်ပြီး အုပ်ချုပ်စီမံမှုစနစ်အတွင်း၌ နက်နက်ရှိုင်းရှိုင်းပြောင်းလဲမှုသည် အချိန်ကြာလိမ့်မည် ဆိုသောအချက်ကို အချက်ပြနေခြင်းဖြစ်နိုင်ပေသည်။

တစ်ချိန်တည်းတွင် ဗဟိုမှ ဦးဆောင်ညွှန်ကြားသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေပါသည်။ ဗဟို အစိုးရက ၎င်းအနေဖြင့် ပြည်နယ်အဆင့် လွှတ်တော်များကို ပိုမို၍ တာဝန်နှင့် အခွင့်နေရာများပေးအပ်သွားမည်ဟု ပြောဆိုထားပါသည်။ အစိုးရအဖွဲ့အစည်းများအား တိုင်းပြည်၏ မတူကွဲပြားသော ပြည်သူများ၏ လိုအပ်ချက်များကို တုံ့ပြန်ပေးနိုင်ရန်နှင့် ပိုမို၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ ဖိအားများလည်း တိုးမြှင့် ဖြစ်ပေါ်နေပါသည်။ သို့သော်လည်း တိုင်းပြည်၏ နယ်နမိတ်ကို အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသော်လည်း အစိုးရ၏ ထိန်းချုပ်အောက်တွင် မရှိဘဲ၊ အစိုးရဝန်ဆောင်မှုလုပ်ငန်းများလည်း အရောက်အပေါက် နည်းပါးလျက်ရှိသည့် နယ်စပ်ဒေသများစွာရှိနေပါသည်။ အပစ်အခတ်ရပ်ဆဲရေးဆိုင်ရာ ဆောင်ရွက်ချက်များကြောင့် ဤဒေသများအား ပိုမို၍ အစိုးရထိန်းချုပ်မှုအောက်သို့ (သို့) အနည်းဆုံး အစိုးရစနစ်နှင့် ပိုမို ဆက်စပ် ပေါင်းဖက်မှုသို့ ပို့ဆောင်ပေးလျက်ရှိသည်။[7]

## ၂။ (၂) ပညာရေး အုပ်ချုပ်စီမံမှု

တိုင်းပြည်အတွင်း၌ ပညာရေးကို အများဆုံး ပံ့ပိုးပေးနေသူမှာ နိုင်ငံတော်အစိုးရဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ပညာရေးကို အဓိက ကြီးကြပ်ဆောင်ရွက်လျက် ရှိသည်။ သို့သော် အခြားသော ဝန်ကြီးဌာနများ (သို့) ဌာနတစ်ခုစီသည်လည်း သီးခြား လေ့လာမှုပြုထားသော နယ်ပယ်တွင် ပါဝင်ခြင်းများ ရှိသည်။ ဤဌာနများတွင် နယ်စပ်ရေးရာဝန်ကြီးဌာန (ယခင်က နယ်စပ်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)၊ ဘုန်းတော်ကြီးကျောင်း စာသင်ကျောင်းများကို အုပ်ချုပ်ထားသော သာသနာရေး ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက စာသင်ကျောင်းများအတွက် ကုန်သွယ်ရေးဝန်ကြီးဌာနတို့ ပါဝင်ကြသည်။ ပညာရေးဝန်ကြီးဌာနအတွင်း၌ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ခြင်းတို့ကို ဗဟိုမှ များစွာ ချုပ်ကိုင်ထားကြသည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ မူလတန်းနှင့် အလယ်တန်း အထက်တန်းပညာရေး (primary and secondary education) နှင့်ဆိုင်သော အုပ်ချုပ်ရေးတိုင်းများမှာ အခြေခံပညာဦးစီးဌာန သုံးခုရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုစီတွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ပညာရေးဌာန ရှိပြီး ၎င်း၏ အောက်တွင် မကြာသေးမီက ဖန်တီးထားသည့် ခရိုင်ပညာရေးရုံး အများအပြားရှိပြန်သည်။[8] ခရိုင်ပညာရေးရုံးများ၏ အောက်တွင် မြို့နယ် ပညာရေးရုံးများ ရှိပါသည်။ အကြမ်းအားဖြင့် တစ်ပြည်လုံးရှိ ၃၂၅ မြို့နယ်အနက် တစ်မြို့နယ်လျှင် တစ်ရုံးဖြစ်သည်။ ထပ်မံတိုးပွားလာသော အုပ်ချုပ်ရေးယူနစ်ရုံးများတွင် ၂၀၀၈ အခြေခံဥပဒေသစ်က အုပ်ချုပ်ခွင့် အမိန့်ပေးထားသော လူနည်းစု လူမျိုးအုပ်စု အမျိုးမျိုးကို ကိုယ်စားပြုသော ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရဇုံ ၆ ခုပါဝင်သည်။ ထို့ကြောင့် ဤဇုံများသည် မိမိတို့ ဇုံများအတွင်း၌ ပညာရေးကို ထောက်ကူ ပံ့ပိုးပေးနိုင်ရန် ပိုမိုလွတ်လပ်သော လုပ်ပိုင်ခွင့် အာဏာနှင့် တာဝန်ဝတ္တရားကို ကိုင်စွဲထားသည်။

[7] အစောပိုင်း အပစ်အခတ်ရပ်ဆဲရေး ဆွေးနွေးမှုများ အကြောင်းကို Marry Callahan, Making Enemies: War and State Building in Burma (Singapore:NUS Press 2004) တွင်ကြည့်ပါ။ လက်ရှိ ဆွေးနွေးမှုများနှင့် ပါတ်သက်ပြီး အကျယ်အပြန့်ကို International Crisis Group ၏ Myanmar: A New Peace Initiative (Asia Report N 214, November 2011)၊ http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar/214%20Myanmar%20-%20A%20New%20Peace%20Initiative.pdf တွင်ကြည့်ပါ။

[8] ၁၉၇၃ အခြခံပညာ ဥပဒေ အရ အခြေခံပညာရေးဦးစီးဌာနများကို ပထဝီ အနေအထားအရ ပိုင်းခြား တာဝန်ပေးထားသည်ကို တွေ့ရသည်။ အမှတ် (၁) ဦးစီးဌာနသည် အထက်မြန်မာပြည်၊ အမှတ် (၂) သည် အောက်မြန်မာပြည်၊ အမှတ် (၃)မှာ ရန်ကုန်မြို့တော်အတွင်းရှိ ကျောင်းများအားလုံး စသဖြင့် အသီးသီး ခွဲခြားတာဝန်ယူ စီမံသည်။

ဇယား ၁ - လွယ်ကူအောင်ဖော်ပြထားသော အုပ်ချုပ်ရေးဖွဲ့စည်းမှု၊ ပညာရေးဝန်ကြီးဌာန[9]

| |
|---|
| ပညာရေးဝန်ကြီးဌာန |
| ↓ |
| အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ ဖတ်စာအုပ်ကော်မတီ |
| ↓ |
| အခြေခံပညာဦးစီးဌာန ၁၊၂၊ ၃ |
| ↓ |
| ပြည်နယ်နှင့်တိုင်းဒေသကြီး ပညာရေးရုံးများ |
| ↓ |
| ခရိုင်ရုံးများ (၂၀၁၂) |
| ↓ |
| မြို့နယ်ပညာရေးမှူးရုံး |
| ↓ |
| အခြေခံပညာကျောင်း |

လွန်ခဲ့သော ဆယ်စုနှစ်အတော်များများအတွင်း အများဆုံး အုပ်ချုပ်ရေးတာဝန်ရှိသော အဆင့်များမှာ အခြေခံပညာရေးဦးစီးဌာန သုံးခုနှင့် မြို့နယ် ပညာရေးရုံးများ ဖြစ်ခဲ့သည်။ တွေ့ဆုံမေးမြန်းချက်များအရ ခရိုင်ပညာရေး ရုံးများကို ၂၀၁၂ စက်တင်ဘာလ ခန့်တွင် စတင်ဖန်တီးတည်ထောင်ခဲ့ကြသည်။ သဘောတရားအရ ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို လုပ်ပိုင်ခွင့် အမိန့်အာဏာ အပ်နှင်းခဲ့ကြသည်။ လက်တွေ့အရမှာမူ ယင်းတို့ကို ထူထောင်တည်ဆောက်နေဆဲဖြစ်ပြီး မြို့နယ်ပညာရေးရုံးများ၏ တာဝန်ဖြစ်နေဆဲပုံရှိလျက် ယင်းတို့ကို ဆက်လက်ယူသွားရန်တာဝန် ဝတ္တရားအများ အပြားလည်းရှိသည်။ အခြားသော ဝန်ကြီးဌာနများမှာကဲ့သို့ အုပ်ချုပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့သည် ပညာရေးဝန်ကြီးဌာနမှ မြို့နယ်များသို့ အဓိက စီးဆင်းပြီး အောက်အဆင့်များမှ ပြန်၍ ဆက်သွယ်နိုင်မှု နည်းပါးပါသည်။

အခြေခံပညာရေးကို လမ်းညွှန်မှုပြုနေသော လက်ရှိဥပဒေကို ၁၉၆၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အကြိမ်များစွာ ပြင်ဆင်ခဲ့ပြီးဖြစ်ရာ ၁၉၈၉ ခုနှစ်က နောက်ဆုံးပြင်ဆင်ခဲ့သည်။ ပညာရေးကို မြှင့်တင်ရာတွင် သော့ချက်ကျသော ရည်မှန်းချက် ၄ ရပ်ကို ထိုဥပဒေက အနှစ်ချုပ်ဖော်ပြသည်။ အချုပ်ပြောရလျှင် ယင်းတို့တွင် အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် ကျောင်းသူကျောင်းသားများကို အခြေခံပညာတတ်မြောက်ရန် သင်ကြားပေးရေး၊ သိပ္ပံပညာသင်ကြားရေး ဦးစားပေးမှုနှင့် ကောင်းမွန်သော အသက်မွေးမှုပညာ လေ့ကျင့်သင်ကြားရေး အစီအစဉ်များ၊ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရေးအတွက် ခိုင်မာအားကောင်းသော အခြေခံအုတ်မြစ် တည်ဆောက်ရေးတို့ ပါဝင်သည်။ [10]

[9] ဤပုံ၌ စီမံအုပ်ချုပ်မှု၏ အရေးအပါဆုံး အဆင့်များကိုသာ ဖော်ပြထားပါသည်။ Ministry of Education Department of Higher Education(Lower Myanmar) ၏ Administratative Structure of Basic Education Sector, http://www.myanmar-education.edu.mm/dhel/education-system-in-myanmar/education-structure/

[10] Ministry of Education Department of Higher Education (Lower Myanmar), *Education System in Myanmar: Self-Evaluation and Future Plans,* http://www.myanmar-education.edu.mm/dhel/education-system-in-myanmar/evaluation-of-current-implementation-situation/ တွင်ကြည့်ပါ။

ထို့နောက် အစိုးရသည် အခြေခံပညာရေး ဥပဒေအပေါ်တွင် တည်ဆောက်ထားသော အမျိုးသားစီမံကိန်းများစွာကို ဖော်ပြလာခဲ့သော်လည်း တိတိကျကျ အသေးစိတ်ဖော်ပြချက် မပါသည့်အပြင် တစ်ခုနှင့်တစ်ခု ကျယ်ပြန့်စွာ မတူခြားနားသော ဦးစားပေးမှုများကိုလည်း တိုးမြှင့်ထားသည်။[11] လက်ရှိ ပညာရေးအုပ်ချုပ်စီမံခန့်ခွဲမှုကို ၂၀၀၁ ခုနှစ်တွင်စတင်ခဲ့သော ပညာရေးဆိုင်ရာ နှစ်သုံးဆယ် အမျိုးသားဆောင်ရွက်မှုစီမံကိန်းဖြင့် ကြီးကြပ်ခန့်ခွဲထားသည်။ ၂၀၁၂ ဖေဖော်ဝါရီတွင် အစိုးရက ကျင်းပခဲ့သော တိုက်ရိုက်မူဝါဒ ရွေးချယ်မှုများညီလာခံတွင် ပညာရေးဝန်ကြီးဒေါက်တာမြအေးက အစိုးရအနေနှင့်တပ်မတော်အစိုးရ လက်ထက် တိုးမြှင့်လုပ်ဆောင်ထားခဲ့သော စီမံကိန်း (၂၀၀၁-၂၀၃၀) ကို ဆက်လက် လုပ်ဆောင်သွားမည်ဟု ထပ်မံအတည်ပြု ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင် ထိုကဏ္ဍအား ပြန်လည်သုံးသပ်ချက်တစ်ရပ်အား တာဝန်ယူလုပ်ဆောင်သွားရန် ကတိပြုခဲ့သည်။[12] ထိုစီမံကိန်းက ၂၀၃၀-၃၁ ခုနှစ်တွင် လူတိုင်းစာတတ်မြောက်ကို ကို ဖြစ်မြောက်အောင် လုပ်ဆောင်ရန် ရည်ရွယ်ထားသည်။ ၎င်းစီမံကိန်းတွင် ပါဝင်သည့် ကျယ်ပြန့်သည့် အစီအစဉ်ဆယ်ခုပါဝင်သော်လည်း လုပ်ဆောင်ရန် စီမံကိန်း ရေးဆွဲထားမှုကို မတွေ့ရပေ။ ဥပမာ-ဤကဲ့သို့သော အစီအစဉ်တစ်ခုသည် ခေတ်မီရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပညာရေးစနစ်တစ်ရပ်ပေါ်ထွန်းလာခြင်းဆိုသော အရာပင်ဖြစ်သည်။[13] ယင်းစီမံကိန်းတွင် ဗဟိုအာဏာကို အောက်ခြေအဖွဲ့အစည်းများသို့ ခွဲဝေပေးခြင်း ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (သို့) တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၏ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ပိုင်ခွင့်အာဏာကို တိုးမြှင့်ပေးခြင်းတို့ကို ဖော်ပြထားခြင်းမရှိပါ။

ပညာရေးဦးစားပေးမှုများနှင့် အဆင့်အတန်းများကိုလည်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ထိုအခြေခံဥပဒေသည် အငြင်းပွားဖွယ်ရာများရှိနေသည့်တိုင်၊ နိုင်ငံတကာနှင့် ပြည်တွင်း လူ့အသိုက်အဝန်းမှ ကျယ်ပြန့်စွာ လက်ခံလာခဲ့ကြသည့် အပြင် မူဝါဒ ဖော်ထုတ်ရေးအတွက် အရေးကြီးသော လမ်းညွှန်ချက်တစ်ခု ဖြစ်သည်။ ထိုအခြေခံဥပဒေ အခန်း ၂၈ တွင် " ပြည်ထောင်စုနိုင်ငံတော်သည် အခမဲ့ မသင်မနေရ ပညာရေးစနစ်ကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်" ဟု ဖော်ပြထားသည်။ ဆက်လက်၍ ဖော်ပြသည်မှာ နိုင်ငံသားများတွင် "ပညာသင်ယူနိုင်ခွင့်" ရှိပြီး "သိပ္ပံပညာနှင့်ဆိုင်သော သုတေသနပြုမှု၊ တီထွင်ဖန်တီးမှုရှိသော လုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ခွင့်" နှင့် "အနုပညာဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ခွင့်" ရှိသည် ဟူ၍ ဖြစ်သည်။ ထို့အပြင် စည်းဘောင်ဖြစ်ပြီး ဦးသိန်းစိန်အစိုးရ၏ သော့ချက်ကျသော မူဝါဒ လမ်းညွှန်းတစ်ခုဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်မှုအတွက် အခြေခံမူဘောင် (FESR) တွင်လည်း ပညာရေး ကဏ္ဍအတွက် ဦးစားပေးဆောင်ရွက်ရန်များကို ဖော်ပြထားပါသည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် အာဏာနှင့်တာဝန်ကို ပြည်နယ်အဆင့်သို့ ခွဲဝေချပေးရေး ပိုမိုကြီးမားသော စီမံချက်တစ်ရပ်၏ အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပြည်နယ်အဆင့် လွှတ်တော်များ၊ ပြည်နယ် ဂန်ကြီးများဖြစ်ပေါ်စေခြင်းဖြင့် ပြည်နယ်အဆင့် အုပ်ချုပ်မှုကို ပိုမိုအားသစ်လောင်းပေးခဲ့သည်။ ပညာရေးတွင် ဝန်ကြီးတစ်ဦးသည် ပညာရေးနှင့် လူမှုသက်သာချောင်ချိရေးအပေါ် ပူးတွဲ၍ တာဂန်ယူရသည်။ ထိုဝန်ကြီးအား လွှတ်တော်က အတည်ပြုပြီး သမ္မတက ခန့်အပ်သည်။ ဥပဒေပြုလွှတ်တော်က ရသုံးမှန်းခြေငွေစာရင်းတစ်ရပ်နှင့် ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ရေး အာဏာအား ပြည်နယ်လွှတ်တော်များ သို့ ပြဋ္ဌာန်းပေးသည်။ တစ်ချိန်တည်းတွင် ဤအာဏာများသည် ဘာတွေဖြစ်လိမ့်မည် ဆိုသည်မှာ ရှင်းလင်းမှု မရှိသေးပေ။ ပြည်နယ်လွှတ်တော်များ၏ အခန်းကဏ္ဍများနှင့် တာဝန်များမှာ ပညာရေးနှင့် ဆက်နွယ်၍ ဘာတွေဖြစ်လိမ့်မည်ဆိုသည်ကို

---

[11] ဥမာအားဖြင့် - ပထမအကြိမ် လွှတ်တော် အစည်းအဝေး၌ သမ္မတဦးသိန်းစိန် စတင်မိတ်ဆက်ပြောကြားခဲ့သည့် "ပညာရေးမူဂါဒ ၁၀ ချက်" ကိုကြည့်ပါ။ ၎င်းနှင့် အခြား အစီအစဉ်များတွင် ပညာရေးသည် ပိုမိုလွတ်လပ်ပြီး၊ မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ဖော်ပြကြသည်။။ သို့သော်လည်း ဆရာများ၏ အရည်အချင်း တိုးတက်စေရန်၊ သမာရိုးကျ မဟုတ်သော ပညာရေး(non-formal education)၊ ဘဂအတွက် ကျွမ်းကျင်နားလည်စရာများ (life-skills) စသည်ဖြင့် အစီအစဉ်တစ်ခုနှင့် တစ်ခု အလေးထားမှုချင်း ကွဲပြားကြပါသည်။

[12] ဒေါက်တာမြအေး၏ Conference on Direct Policy Options with Special Reference to Education and Health in Myanmar (Naypyidaw:13-16 February 2012)

[13] Government of the Republic of the Union of Myanmar, "Education for All: Access to and Quality of Education in Myanmar," in *Conference on Development Policy Options* (Naypyidaw: 13-16 February 2012).

အကဲဖြတ်ရန် ခက်ခဲသည်။[14] ကံမကောင်းစွာပင် ဤသုတေသနၡ မွန်ပြည်နယ် (သို့) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တစ်ခုခုမှ တစ်စုံတစ်ယောက်အား တွေ့ဆုံမေးမြန်းခွင့် မရခဲ့ပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နယ်နှင့်ဆက်နွယ်လျက်ရှိသော ဥပဒေပြုတာဝန်များ၏ အပိုင်းအား ဇယား ၂ ခု[15] ဖြင့်ပိုင်းခြားထားသည်။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသည် ဇယား ၁ အောက်၌ ကျရောက်သော ကဏ္ဍများအပေါ် ဥပဒေပြုနိုင်ခွင့်မရှိပါ (ကျန်းမာရေး၊ လုံခြုံရေး၊ ပညာရေး တို့ အပါအဝင်)။ တစ်ချိန်တည်းတွင် ဇယား ၂ အောက်တွင်ကျရောက်သော ကဏ္ဍများအပေါ် ဥပဒေပြုရန် ပါရှိသည် (ပြည်နယ်အဆင့် ရသုံးငွေစာရင်းများနှင့် ပြည်နယ်အဆင့် ဖွံ့ဖြိုးရေးအပါအဝင်)။ အထူးအရေးကြီးသည်မှာ ပညာရေးကဏ္ဍသည် ဇယား ၁ အောက်တွင် ကျရောက်ပြီး ပြည်နယ်နှင့် ဒေသကြီးလွှတ်တော်များက ထိုကဏ္ဍတွင် ပြုနိုင်ခြင်းမရှိဟု ဆိုလိုပါသည်။ လက်တွေ့အားဖြင့် ပြည်နယ်နှင့် ဒေသကြီး လွှတ်တော်တို့သည် ဤသို့အားဖြင့် ပညာရေးနှင့် ပတ်သက်၍ မည်သည့် ဥပဒေပြုမှုကိုမျှ ဆောင်ရွက်နိုင်စွမ်းမရှိပါ။ မည်သည့် ဖြစ်ရပ်တွင်မဆို ပြည်နယ်အစိုးရများအတွက် ပညာရေးတွင် အခန်းကဏ္ဍ တစ်ရပ်ရှိအောင် တရားဝင်ပြဋ္ဌာန်းထားခြင်းမရှိတဲ့အပြင် ထိုသို့ပြုလုပ်ရန် သူတို့အတွက် လက်တွေ့ကျသော နည်းလမ်းလည်း မရှိပေ။

## ၂။ (၃) ပညာရေးကဏ္ဍ၏ နောက်ခံသမိုင်း

ကိုလိုနီခေတ်မှစ၍ ပညာရေးကဏ္ဍအား အနည်းငယ် သုံးသပ်ကြည့်ခြင်းသည်၊ ယနေ့ခေတ်စနစ်၏ အနေအထားကို နားလည်စေနိုင်ရန် ကူညီပေးနိုင်မည် ဖြစ်သည်။ ၁၈၈၅ တွင် တစ်နိုင်ငံလုံးကို အပြီးအပိုင် လွှဲပြောင်းမယူမီ ၁၈၂၄ ခုနှစ်မှစတင်၍ ဗြိတိသျှတို့သည် ပညာရေးကို အစိုးရက စီမံခန့်ခွဲခဲ့သည်။ ထိုမတိုင်မီက ပညာရေးကို ဘုန်းတော်ကြီးကျောင်းများမှ တစ်ဆင့်သာ ရရှိခဲ့ကြပြီး အများအားဖြင့်လည်း ယောက်ျားလွှမ်းမိုးသော နယ်ပယ်တစ်ခုဖြစ်ခဲ့သည်။ ဗြိတိသျှတို့ လက်ထက်တွင်ကား ယောက်ျားလေးများရော မိန်းကလေးများပါ ပိုမိုအရေအတွက်များပြားလာပြီး၊ ကလေးများသည် အခြေခံပညာရေးကျောင်း ၇၀၀၀ တွင် စတင် တက်ရောက်ခဲ့ကြသည်။ ထိုကျောင်းများ၌ မြန်မာဘာသာစကားဖြင့် သင်ကြားခဲ့သည်။[16] အခြားသော အစိုးရကျောင်းများ တွင်ကား အင်္ဂလိပ်ဘာသာကို ကြားခံသင်ကြားရေးဘာသာအဖြစ် အသုံးပြုပြီး၊ ၎င်းသည် အစိုးရအမှု ထမ်းဆောင်ရေးအတွက် အသုံးဝင်သောကြောင့် ထိုကျောင်းများမှာ ငွေကြေးအထောက်အပံ့ကို ကောင်းစွာရရှိခဲ့ကြသည်။

ကိုလိုနီအုပ်မှုအောက်၌ စာသင်ကျောင်းများ အထူးသဖြင့် ကောလိပ်များနှင့် တက္ကသိုလ်များသည် လူမှုပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားမှုများ၏ အချက်အခြာနေရာများဖြစ်လာခဲ့ကြသည်။ ၁၉၂၀ ကျော်နှစ်များသို့ရောက်သောအခါ တက္ကသိုလ်ကျောင်းသားများသည် တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်၍ စတင်သပိတ်မှောက်ခဲ့ကြသည်။ ထိုဥပဒေသည် အင်္ဂလိပ်ဘာသာအား ပညာသင်ကြားရေး၏ ကြားခံဘာသာအဖြစ်ပြဋ္ဌာန်းပေးပြီး အထက်တန်းပညာရေးအား မြန်မာလူမျိုးအများစုတို့ လက်လှမ်းမမီသော နေရာတွင် ရောက်ရှိစေသည့် ကျောင်းလခသတ်မှတ်ချက်များကို ဖန်တီးထားသည်။[17]ကျောင်းသား လှုပ်ရှားမှုသည် နောက်လာမည့် ဆယ်စုနှစ်များစွာတစ်လျှောက် ဆက်လက် အားကောင်းနေခဲ့ခြင်းကြောင့် ပညာရေးဝန်ကြီးဌာနသည် ဗဟိုချုပ်ကိုင်မှုကို ပို၍ ပြုလုပ်ခဲ့ပြီး အခြားသော ဝန်ကြီးဌာနများထက် လုပ်ပိုင်ခွင့်အာဏာကို ပိုမိုကြီးမားစွာ စုစည်းထားပြီး ပျော့ပြောင်းပြုပြင် ပြောင်းလဲနိုင်မှုမရှိ ဖြစ်ခဲ့ရသည် ဟု မှတ်ယူမှုများလည်း ရှိပါသည်။ ပြည်သူလူထုအထဲမှ ထိန်းသိမ်းရခက်သောအပိုင်းကို ထိန်းသိမ်းရန် တာဝန်ရှိလာသော ဝန်ကြီးဌာနသည် ကျောင်းသားများအား ဥပဒေစည်းကမ်းများကို အတင်းအကြပ် လိုက်နာအောင် လုပ်ဆောင်ရန် ဖိအားပေးလာရသည်မှာ သံသယရှိစရာမလိုပေ။

---

[14] Hamish Nixon ပါဝင်ရေးသားသည့် "State and Region Governments in Myanmar" တွင်ကြည့်ပါ။

[15] ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တွင် ကြည့်ပါ။

[16] Thein Lwin, *Education in Burma 1945-2000* (Second ed., 2000), http://burmalibrary.org/docs/Education_in_Burma_(1945-2000).htm.

[17] ယခုပြန်လည်၍ တက္ကသိုလ်များ၌ အင်္ဂလိပ်စာဖြင့် သင်ကြားပို့ချရန် စီစဉ်မှုများ ရှိနေပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာပြည်အုပ်ချုပ်ရေးအစိုးရသည် " ဆင်းမလား စီမံကိန်း" ကို စတင်ခဲ့သည်။ ယင်းမှာ အစိုးရ၏ အပြည့်အဝ ထောက်ခံပံ့ပိုးမှုဖြင့် တစ်ခုတည်းသော စနစ်အောက်တွင် စာသင်ကျောင်းအမျိုးအစားအမျိုးမျိုးကို ရရှိစေသော မူဝါဒတစ်ရပ်ဖြစ်သည်။ ပညာရေးမှာ အခမဲ့ဖြစ်ပြီး ကျောင်းဝင်အသက်ကို ၆ နှစ်ဟု သတ်မှတ်ပေးခဲ့သည်။ ဆင်းမလားစီမံကိန်းအရ ချမှတ်သော ဆုံးဖြတ်ချက် အများအပြားမှာ လက်ရှိပညာရေး ပုံသဏ္ဌာန်အပေါ် လွှမ်းမိုးမှုရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်း၍ တစ်နိုင်ငံလုံးကို လွှဲယူအုပ်ချုပ်သောအခါ တက္ကသိုလ် ဥပဒေသစ် တစ်ရပ်က ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များ၏ အရွယ်အစားကို လျှော့ချပြီး ကျောင်းသူကျောင်းသားများအား အထူးပြုလေ့လာမှုဘာသာရပ်များကို အထူးအာရုံစိုက်စေခဲ့သည်။ ထိုအချိန်မှစ၍ လေ့လာသင်ယူမည့် ဘာသာရပ်ရွေးချယ်မှုကို တက္ကသိုလ်ဝင်တန်း အောင်မြင်မှု ရမှတ်အဆင့်များဖြင့် ဆုံးဖြတ်ခဲ့သည်။ ထိုစနစ်အရ မြန်မာစာနှင့် စာပေမှာ သင်ကြားလေ့လာရန် အနိမ့်ဆုံးအဆင့် ရမှတ်သာလိုသော ဘာသာဖြစ်သည်။[18] ဆယ်စုနှစ်များတစ်လျှောက် မူဝါဒများသည် မကြာခဏ တစ်ချို့သော ဘာသာရပ် လေ့လာမှုနှင့် ပတ်သက်လျှင် ကန့်သတ်မှုများပြုလုပ်လာခဲ့ရာ ဥပမာအားဖြင့် ဆေးပညာအား မိဘနှစ်ပါးစလုံး မြန်မာဖြစ်မှသာ သင်ကြားနိုင်ခွင့်ရှိသည့် ပုံစံမျိုးဖြစ်သည်။ ဥပမာအားဖြင့် တရုတ်လူမျိုးနွယ်အား အလွန်အကျွံ ကိုယ်စားပြုသည်ဟု ယူဆခံရသည့်အလျောက် တရုတ်လူမျိုးအရေးအတွက်အပေါ် ကန့်သတ်မှုများ ရှိခဲ့သည်။ ထို့ပြင်မက ၁၉၆၅ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ခရစ်ယာန်သာသနာပြုကျောင်းများနှင့် တရုတ်နှင့် အိန္ဒိယလူမျိုးများ လူမှုအသိုင်းအဝိုင်းများအတွက် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော စာသင်ကျောင်းများအပါအဝင် စာသင်ကျောင်းအားလုံးကို ပြည်သူပိုင်ပြုလုပ်ရေး ဆိုသော ပိုမိုကျယ်ပြန့်သော စစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် သိမ်းယူခဲ့သည်။[19]

## ၂။ (၄) လက်ရှိ ပညာရေးအပေါ် ပြဿနာချက်များ

မကြာမီက လူသားဖွံ့ဖြိုးရေး အညွှန်းကိန်းအရ မြန်မာပြည်တွင် ကျောင်းပညာသင်ကြားမှု ပျမ်းမျှနှစ်သည် ၃.၉ နှစ်မျှသာဖြစ်သည်။[20] ခြုံ၍ပြောရလျှင် ပညာရေးစနစ်သည် အရည်အသွေး မကောင်းမွန်ပဲ၊ သင်ကြားနည်းအတတ်သည် ခေတ်နောက်ကျ၍ ပထဝီဒေသလွှမ်းခြုံမှု လုံလောက်ခြင်းလည်း မရှိပေ။ ကျေးလက်ဒေသနှင့် နယ်ခြားဒေသများ၌ ဝန်ဆောင်မှုများမှာ အလွန်ညံ့ဖျင်းသည် ဟုဆိုနိုင်ပါသည်။[21] အကြမ်းအားဖြင့် မြန်မာပြည်၏ ကလေးသူငယ်တစ်ဝက်မှာ မူလတန်းပညာကို ပြီးပြည့်စုံအောင် သင်ယူနိုင်ခြင်း မရှိကြပေ။ မကြာမီက Multiple Indicator Cluster Survey အိမ်ထောင်စု အခြေပြုလေ့လာမှုဖြစ်သော အမျိုးမျိုးအစားစား ညွှန်ပြမှုအတွဲလိုက် လေ့လာတိုင်းတာမှုအရ ကျောင်းအပ်မှုနှုန်း ၇၄.၄% ရှိပြီး၊ အခြေခံပညာ ပြီးစီးမှု နှုန်းမှာ ၅၄.၂% သာ ရှိပါသည်။[22]

အစိုးရစနစ်အပြင် အမျိုးမျိုးသော ရပ်ကွက် လူမှုအသိုင်းအဝိုင်းအခြေပြု စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်း စာသင်ကျောင်းများ ရှိကြသည်။ ပြည်နယ်လက်နက်ကိုင် အုပ်စုများ ရှိသော ဒေသများတွင် ၎င်းလူမျိုးစု ပညာရေးဌာနများရှိသည်။ ဥပမာ- မွန်ပြည်သစ်ပါတီထိန်းချုပ်မှုအောက်၌ရှိသော မွန်ပြည်နယ်ဒေသများတွင်ဖြစ်သည်။ တိုင်းပြည်အနံ့အပြားတွင် ပညာရေးကို ထောက်ကူပံ့ပိုးပေးရေးအတွက် ဒေသဆိုင်ရာ လူမှုအသိုင်းအဝိုင်းရပ်ရွာပေါ်တွင် မကြာခဏ ဝန်ထုပ်ဝန်ပိုးကျရောက်တတ်သည်။

---

[18] စာသင်နှစ် ၁၁ နှစ် ပြီးဆုံးချိန်တွင် တက္ကသိုလ်ဂင်ခွင့်အတွက် "တက္ကသိုလ်ဂင်တန်း စာမေးပွဲ" များကို ကျင်းပသည်။

[19] Thein Lwin, *Education in Burma 1945-2000* တွင်ကြည့်ပါ။

[20] United Nations Development Program, "Myanmar: HDI Values and Rank Changes" in *2013 Human Development Report* (New York: United Nations Development Programme, 2013)တွင်ကြည့်ပါ။

[21] Ministry of Foreign Affairs, "Presentation on the Concluding Observations on the Third and Fourth National Report on the Implementation of the Convention on the Rights of the Child" in
*Third and fourth national report on the implementation of the Convention on the Rights of the Child* (The Republic of the Union of Myanmar, 2011)တွင်ကြည့်ပါ။

[22] Ministry of National Planning and Economic Development, Ministry of Health, and UNICEF, *Myanmar: Monitoring the Situation of Women and Children, Multiple Indicator Cluster Survey, 2009-2010* (Nay Pyi Taw, Myanmar: Ministry of National Planning and Economic Development and Ministry of Health, 2011). ဤစစ်တမ်း၏ အချက်အလက်များကို လူဦးရေ ကိုယ်စားပြု အချို့ နမူနာဖြင့် ကောက်ယူထားသောကြောင့် အခြား အချက်အလက်များထက် ပိုမို ယုံကြည်နိုင်ဖွယ်ရာ ရှိပါသည်။

ထိုသို့သော ပညာရေးမှာ သဘောတရားအရ အခမဲ့ဆိုသော်လည်း နာတာရှည်မပြည့်မီသော ပညာရေးထောက်ပံ့မှုကြောင့် အမျိုးမျိုးသော ကုန်ကျစရိတ်များပေါ်လာတတ်သည်။ ကျောင်းဝတ်စုံကြေး၊ စာအုပ်ကြေးများအပြင် အခြား မျှော်လင့်မထားသည့် စာသင်ခုံ၊ ထိုင်ခုံ၊ ကျောင်းပွဲနှင့် ကျောင်းအတွက် လိုအပ်သော ပစ္စည်းကရိယာများ စသဖြင့် ဝယ်ယူရန်အတွက်လည်း ဖိအားများစွာရရှိကြပါသည်။ ထို့အပြင် ကျောင်းသားမိဘများအနေဖြင့် သားသမီးများအား ကျောင်းစာသင်ချိန် ပြင်ပတွင် ကျူရှင် တက်နိုင်စေရန် စီမံကြရပါသေးသည်။ ယင်းကျူရှင်များမှာ ပုံမှန်အားဖြင့် ကျောင်းမှ ဆရာ၊ ဆရာမများက သင်ကြားခြင်းဖြစ်ပြီး ကျောင်းတွင်းပို့ချချက်များကိုပင် ပြန်လည် သင်ကြားရခြင်းပင်ဖြစ်သည်။[23] အများအားဖြင့် ကျောင်းဆရာ၊ ဆရာမများသည် ထို ကျူရှင် သင်ကြားမှု အား အဓိက ဝင်ငွေအဖြစ် မှီခိုနေကြရပြီး ကျူရှင်တက်ရောက်ခြင်း မရှိသည့် ကျောင်းသားများမှာ အတန်း စာမေးပွဲများကို ကျရှုံးနိုင်သည့် အန္တရာယ် ရှိနေပါသည်။ အစိုးရကျောင်းများစွာ ရှိနေသည့်တိုင်  မိသားစု အများအပြားတို့မှာကလေးများအား အစိုးရကျောင်းများသို့ ပို့ရန်မတတ်နိုင်ကြတော့ပေ။ ထို့ကြောင့် အလှူဒါနနှင့် ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်နေကြပြီး မိဘများအား ကျောင်စရိတ်များ တောင်းခံခြင်းမရှိသည့် ဘုန်းတော်ကြီးကျောင်းများသို့သာ ပို့ကြရသည်။

ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်တွင် သင်ရိုး ညွှန်းတမ်းမှာ အစိုးရကျောင်းများမှာကဲ့သို့ အတူတူဖြစ်သည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ သာသနာရေးဝန်ကြီး ဌာန၏ တာဝန်ယူကြည့်ရှုမှု အောက်သို့ ကျရောက်သည်။ မွန်အမျိုးသားစာသင်ကျောင်းများ သည်လည်း အစိုးရသင်ရိုးအတိုင်း သင်ကြားသည်သာမက မွန်ရာဇဝင်နှင့် ဘာသာစကားအစိတ်အပိုင်းများကိုလည်း သင်ကြားပေးကြသည်။ ဆရာများမှာ အစိုးရအသိအမှတ်ပြုလက်မှတ်ရရှိသူများ မဟုတ်ကြပေ။ ကရင်စာသင် ကျောင်းအချို့မှာ ကရင်ဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပေးသော်လည်း အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ ပညာရေး ဌာနများသည် ဘယ် အတိုင်းအတာအထိ အစိုးရသင်ရိုးညွှန်းတမ်းများအား လိုက်နာခဲ့ကြသည်ဆိုသောအချက်မှာ မရှင်း လင်းပါ။ ထို့အပြင် အထူးသဖြင့် မြို့ပြဒေသများ၌ ချမ်းသာသော မိသားစုများက ၎င်းတို့ သားသမီးများအား ပုဂ္ဂလိကကျောင်းများသို့ တက်ရောက်စေခြင်းမှာလည်း တိုးပွားလာလျက်ရှိပါသည်။

ယခုအချိန်တွင် ပညာရေးစနစ်သည် စာသင်နှစ် ဆယ့်တစ်နှစ်ဖြင့် ဖွဲ့စည်းထားသည်။ မူလတန်းပညာကို ၅ နှစ်သင်ယူ၍ အလယ်တန်း ပညာကို ၄ နှစ်သင်ယူပြီး အထက်တန်းကျောင်းပညာကို ၂ နှစ်သင်ယူသည်။ ယင်းစနစ်၌ ကျောင်းသူကျောင်းသားများသည် အသက် ၅ နှစ်တွင် ပထမတန်း(သူငယ်တန်း)၌ ဝင်ရောက်ပြီး အသက် ၁၆ နှစ် (သို့) ၁၇ နှစ် တွင် အထက်တန်းပညာပြီးဆုံးအောင် ရည်ရွယ်ချက်ထားရှိသည်။ အစိုးရကျောင်းများရှိ ဆရာများကို ဗဟို အစိုးရက ငှားရမ်း၍ လစာပေးထားသည်။ ဆရာများမှာ တစ်နိုင်ငံလုံးရှိ ဆရာအတတ်သင်ကောလိပ်ကျောင်း ၂၀ အနက် တစ်ကျောင်းကျောင်းတွင် တာဝန်မထမ်းဆောင်မီအစီအစဉ်များကို ပြီးစီးအောင် တက်ရောက် သင်ယူခဲ့ရသည်။ သို့သော် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စ၍ ဝန်ကြီး ဌာနသည် ကျောင်းဆရာအရေအတွက်ကို တိုးတက်အောင် ဆောင်ရွက်ဖို့ ကတိတာဝန်ယူထားပြီး လက်ထောက် အငယ်တန်းဆရာ ၁၀,၀၀၀ ကို မကြာခင်က ခန့်အပ်ခဲ့ပါသည်။ သူတို့သည် အခြားဆရာများ ပြီးစီးအောင် ဆောင်ရွက်ရသည့် ပြင်ဆင်ရေး ၂ နှစ်သင်တန်းများကို မတက်ရောက်ရသေးသူများ ဖြစ်သည်။ အောက်ဖော်ပြပါဇယားသည် ပညာရေးဝန်ကြီးဌာန၏ အရွယ်အစားအား နားလည်နိုင်စေရန် ဖော်ပြထားပါသည်။

[23] Brooke Zobrist, *Mapping Teaching-Learning and Operational Experiences in Fifty Monastery Schools Across Myanmar, Pyoe Pin Programme* (2010) တွင်ကြည့်ပါ။

**ပုံ-၂ ။ ၂၀၁၁-၂၀၁၂ အမျိုးသားကျောင်းများစာရင်း[24]**

| | |
|---|---|
| **အစိုးရကျောင်းများ** | |
| မူလတန်း | ၂၈,၉၆၈ |
| မူလတန်းလွန်[25] | ၆,၇၆၀ |
| အလယ်တန်း | ၃,၁၆၃ |
| အထက်တန်း | ၂,၃၉၅ |
| စုစုပေါင်းစာသင်ကျောင်း | ၄၁,၂၈၇ |
| **ဆရာများ** | |
| မူလတန်းကျောင်းဆရာများ | ၁၈၄,၁၇၀ |
| အလယ်တန်းဆရာများ | ၆၇,၃၉၈ |
| အထက်တန်းဆရာများ | ၂၆,၆၁၂ |
| စုစုပေါင်းဆရာ | ၂၇၆,၁၈၀ |
| **ကျောင်းသားများ** | |
| မူလတန်း | ၅,၁၉၅,၉၅၂ |
| အလယ်တန်း | ၂,၃၃၂,၂၄၉ |
| အထက်တန်း | ၆၇၂,၃၉၄ |
| စုစုပေါင်းကျောင်းသား | ၈,၂၀၀,၅၉၅ |

ကျောင်းသင်ရိုးညွှန်းတမ်းအားလုံးကို ဝန်ကြီးဌာနအဆင့်၌ သတ်မှတ်သည်။ မှတ်ပုံတင် ကျောင်းသားအားလုံး အစိုးရ ဖြစ်စေ၊ ဘုန်းတော်ကြီးဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ ပုံနှိပ်ထုတ်ဝေထားသော ဖတ်စာအုပ်များ အသုံးပြုမှု အပါအဝင် အခြေခံ အစိုးရ သင်ရိုးညွှန်းတမ်းကို လိုက်နာကြရသည်။ မူလတန်းအဆင့်၌ သင်ကြားရသော အဓိက ဘာသာရပ်နယ်ပယ် ငါးခုရှိသည်။ ယင်းတို့မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံပညာနှင့် အထွေထွေ လေ့လာသင်ကြားမှုများ ဖြစ်သည်။ အလယ်တန်းနှင့် အထက်တန်းတွင် ဘ၀အတွက် ကျွမ်းကျင်စရာများနှင့် လူမှုသိပ္ပံပညာ၊ ပြည်သူ့နီတိ စသည်တို့ ပါဝင်သည်။ သင်ခန်းစာများကို မြန်မာဘာသာစကားဖြင့် သင်ကြားကြရသည်။ အလွတ်ကျက်မှတ်ခြင်းနှင့် အုပ်စုလိုက် စာအံခြင်း ပုံစံများကို ကျယ်ပြန့်စွာ အသုံးပြုကြသည်။

အားလုံးအတွက် ပညာရေး[26] ဆိုသော စံထားချက်နှင့် နှိုင်းယှဉ်၍ သုံးသပ်သောအခါ အစိုးရစနစ်သည် ကျောင်းသားများ (သို့) လူ့အဖွဲ့အစည်း၏ အဓိကလိုအပ်ချက်များကို မဖြေရှင်းပေးသေးပေ။ မြန်မာက ထိုစံထားချက်ကို ၂၀၀၁ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အားလုံးခြုံ၍ ကြည့်ပါက ကျောင်းဝင်စာရင်း အဆင့်များသည် နိမ့်ကျသည်။ မူလတန်းမှ အလယ်တန်းသို့ ကူးပြောင်းမှုနှုန်းသည် လေးပုံတစ်ပုံသာ ကူးပြောင်းမှုရှိ၍ နိမ့်ကျသည်။ (ထိုမျှမက ဒေသကြီးအလိုက် မမျှော်လင့်သော ပြောင်းလဲမှုများလည်း ရှိသည်။) ဆယ့်တစ်တန်းကို ဖြတ်ကျော်၍ ဆက်လက်သင်ကြားသော ကျောင်းသားများအဖို့ ၅၀% သာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ကြသည်။

## ၂။ (၅) ပညာရေး ကဏ္ဍတွင် သုံးစွဲငွေ

[24] Government of the Republic of the Union of Myanmar, 2012, စာမျက်နှာ-၅ တွင်ကြည့်ပါ။

[25] မကြာသေးမီနှစ်များက ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတို့သည် ကျောင်းတက်ရောက်မှု နှုန်းများကို ပိုမိုမြှင့်တင်နိုင်ရန် မဟာဗျူဟာ တစ်ခုအဖြစ် အလယ်တန်းကျောင်းအဆင့်များကို မူလတန်းကျောင်းများတွင် ထည့်သွင်းခဲ့သည်။

[26] "အားလုံးအတွက် ပညာရေး (EFA)" သည် UNESCO မှ တင်ပြခဲ့ပြီး ၂၀၀၀ ခုနှစ်၌ ဆီနီဂေါနိုင်ငံ ဒါကာတွင် နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ ချမှတ်ခဲ့သည်။ ရည်ရွယ်ချက် ၆ ရပ် ပါဝင်ပြီး၊ ရည်ရွယ်ချက် အမှတ်၂ မှာ "အားလုံးအတွက် လွတ်လပ်သည့် မသင်မနေရ အခြေခံပညာရေး" ဖြစ်သည်။ ထောင်စုနှစ် ရည်မှန်းချက်များနှင့်အတူ EFA သည် ပညာရေးတိုးတက်စေခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အဓိက မူဘောင်တစ်ရပ်ဖြစ်သည်။

မကြာသေးသော ဆယ်စုနှစ်များအတွင်း ပညာရေးတွင် အရည်အသွေးကျဆင်းနေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ခံစားသိမြင်နေခဲ့ကြသည်။ ဆယ်စုနှစ်တစ်ချို့ကြာအောင် ငွေကြေးထောက်ပံ့မှုသည် ယေဘုယျအားဖြင့် အလွန့်အလွန် နည်းပါးခဲ့ကြသော်လည်း ခုတလောနှစ်များမှာ အစိုးရက ပညာရေးအတွက် ဘဏ္ဍာငွေထောက်ပံ့မှုကို မြှင့်တင်ခဲ့သည်။ ဥပမာ- ၂၀၀၀ ခုနှစ်တွင် ဂျီဒီပီ၏ အချိုးကျတစ်ရပ်အနေနှင့် သုံးစွဲမှုသည် ပထမဆုံးအကြိမ် ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၀.၄% မှ ၂၀၀၇-၂၀၀၈ တွင် ၀.၁% သို့ ကျဆင်းခဲ့သည်။[27] ထို့နောက် ဆယ်စုနှစ် အကုန်တွင် သိသာထင်ရှားစွာ ပင် ၀.၇% သို့ တဖန်တိုးမြင့်လာခဲ့သည်။ စုစုပေါင်း ရသုံးမှန်းခြေငွေစာရင်း၏ အချိုးကျတစ်ရပ်အနေနှင့် တွက်ချက်သောအခါ သုံးစွဲငွေသည် ပြီးခဲ့သော နှစ်များအတွင်း အလွန်နည်းပါးနေခဲ့သည်ကို တွေ့ရသည်။ အားလုံးအတွက် ပညာရေးဆိုသော ကြွေးကြော်သံနှင့် မြန်မာအစိုးရက လက်မှတ်ထိုးထားသော Fast Track Initiative Framework အောက်ရှိ ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုစီမံကိန်းအရ ပညာရေးနှင့် ပတ်သက်၍ ထောက်ခံအကြံပြုထားသော သုံးစွဲမှုသည် ဂျီဒီပီရာခိုင်နှုန်းတစ်ရပ်အနေနှင့် ဆိုလျှင် ၆% ဖြစ်သင့်သည်။ ၂၀၀၆ တွင် တစ်နိုင်ငံလုံး သုံးစွဲမှုနှုန်းမှာ ဒေသတွင်း ပျမ်းမျှနှုန်း ၃.၆% ထက် ၅ ဆမျှပို၍ နိမ့်ကျနေသည်။ [28]

သို့သော်လည်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရေးလေ့ကျင့်သင်ကြားရေးနှင့် စီမံကိန်းရေးဆွဲရေးဌာနက အရင်းကုန်ကျစရိတ်ခန့်မှန်းခြေ ဒေါ်လာ၂၃၁ သန်း အပါအဝင် စုစုပေါင်း အသုံးစရိတ်ကို အစီရင်ခံထားသည်။ [29] ကျောင်းဝင်ကျောင်းသား ၈ သန်း ကိန်းဂဏန်းအပေါ် အခြေခံလျက် ယင်းသည် အကြမ်းအားဖြင့် နှစ်စဉ် ကျောင်းသားတစ်ဦးလျှင် ၃၀ ဒေါ်လာဖြစ်သည်။ [30] [31] ဤကိန်းဂဏန်းသည် မူလတန်းနှင့် အလယ်တန်းကျောင်းပညာစနစ်များအတွင်းရှိ ကျောင်းသားများ အတွက်ဖြစ်ပြီး ပထမတန်းမှ နောက်ဆုံး ဆယ့်တစ်တန်းအထိ ခြုံငုံမှုရှိသည်။ ၂၀၁၂ ဖေဖော်ဝါရီမှာ ဘဏ္ဍာရေးဝန်ကြီးက ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အခြေခံပညာစုစုပေါင်း အသုံးစရိတ်သည် ခန့်မှန်းခြေ ဒေါ်လာ ၇၅၇ သန်း အထိ တိုးတက်ခဲ့ပြီး စုစုပေါင်း အစိုးရဘတ်ဂျက်၏ ၄.၉%[32] ဝေစုနှင့် ညီသည်ဟု အစီရင်ခံသည်။ တစ်ချိန်တည်းတွင် နောက်တစ်နှစ်ခန့်အကြာမှာ လွှတ်တော်က နောက်ထပ်တိုးတက်မှု ဒေါ်လာသန်းတစ်ထောင်ခန့် (သို့) အမျိုးသား ဘတ်ဂျက်၏ ၅.၈% ကိုကြေညာခဲ့သည်။[33] ဤကိန်းဂဏန်းတွင် အစိုးရ အသုံးစရိတ်ငွေအား ကျောင်းသားတစ်ဦးလျှင် အကြမ်းအားဖြင့် ၉၄ % နှုန်း သုံးစွဲရာကျလိမ့်မည်ဖြစ်သော်လည်း မြန်မာပြည်မှ အစိုးရအချက်အလက်မှ ဒေတာများကို အသုံးပြုသောအခါ မတိကျ မသေချာသော အချက်အလက် အများအပြားကို ထည့်တွက်ရ၍ အထူးသတိထား၍ ရှုမြင်ရန်လိုအပ်ပါသည်။ [34] အဖန်တလဲလဲဖြစ်သော လစာငွေကုန်ကျစရိတ်သည် ပညာရေးဘတ်ဂျက်၏ ၈၀% ဝန်းကျင် (ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ၇၀-၉၀% အတိုင်းအတာနှင့် နှိုင်းယှဉ်၍ကြည့်လျှင်)[35] နှင့် အရင်းကုန်ကျစရိတ်အတွက် ၅% ရှိသည်။ ထောက်ပံ့ရေးနှင့် ကျောင်းထိန်းသိမ်းရေးအတွက် မကျန်သလောက်ပင်ရှိသည်။ နောက်ထပ်သတိထားစရာ တစ်ချက်မှာ ပညာရေးကဏ္ဍက နောက်ထပ် နိုင်ငံခြားအကူအညီကို ဆွဲဆောင်လာလျက်ရှိသည်။ ထို့ကြောင့် ပညာရေးတွင် ငွေကြေးပမာဏတိုး၍ သုံးလာရသလောက် ထိုအပြည်ပြည်ဆိုင်ရာ အကူအညီမှ အစိုးရသုံးစွဲငွေကို ပြန်လည်ရှင်းထုတ်ရန် ပိုမိုခက်ခဲလာလိမ့်မည်။

---

[27] ရှေ့နေချုပ်ရုံးမှ ထုတ်ဝေသည့် Annual Myanmar Laws မှ ကိန်းဂဏန်းများ

[28] EFA Global Monitoring Report team UNESCO, *Reaching the Marginalized; EFA Global Monitoring Report* (Oxford: Oxford University Press, 2010) တွင်ကြည့်ပါ။

[29] ယင်းမှာ ထိုအချိန်က ငွေလဲနှုန်းအပေါ်တွင် တွက်ချက်ထားခြင်းဖြစ်ပြီး US တစ်ဒေါ်လာလျှင် ၁၀၀၀ ကျပ်နှုန်းဖြစ်သည် ( ၂၃၁၈ ၈၃၈ ကျပ်)။

[30] ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဌာန ၏ Education Thematic Working Group Meeting, Yangong မှ "Brief Presentation on Basi Education" မှ

[31] "Standard" is the Myanmar English term equivalent to "grade" in the US and Canadian systems and "year" in the British system.

[32] ဦးလှထွန်း၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန (ဇန်နဝါရီ ၂၀၁၂)

[33] "Back to School Insert," *The Myanmar Times*. May 2013 တွင် ကြည့်ပါ။

[34] မြန်မာနိုင်ငံ၌ ကိန်းဂဏန်း အချက်အလက်များမှာ အရည်အသွေး မကောင်းမွန်လှပါ။ ထို့အပြင် အချက်အလက်များမှာ အများအားဖြင့် တပေါင်းတည်း ဖော်ပြထားလေ့ရှိရာ ကွာဟချက်များ၊ မတူညီမှုများကို သိရှိနိုင်ရန် ခက်ခဲပါသည်။

[35] E.M. King, *The Global Economic Crisis, Education, and Development Partnerships*, Keynote Presentation at the HDN-WBI Course on Innovations in Partnerships, 2009, Washington, DC, http://info.worldbank.org/etools/docs/library/252243/Keynote%20presentation%2C%20Elizabeth%20King.pdf တွင်ကြည့်ပါ။

## ၃။ မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး

### ၃။ (၁) စံပြပုံစံများနှင့် အချေတင်ဆွေးနွေးမှုများ

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်ကို အာဏာ၊ တာဝန်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အား အောက်အဆင့်များသို့ ခွဲဝေလျှော့ချပေးမှုပုံသဏ္ဍာန်တစ်ရပ်အဖြစ် နားလည်လျက် ၁၉၈၀ ကျော် နှစ်များမှစ၍ ကမ္ဘာတစ်နံတစ်လျားတွင် လူအများနှစ်သက်သဘောကျလာခဲ့ကြသည်။ အစိုးရများသည် ဗဟိုချုပ်ကိုင်မှု လျှော့ချမှုအား အမျိုးသားရေးပြုပြင်ပြောင်းလဲမှု၏ အမျိုးမျိုးသော ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ပြီးစီးစေရန် မဟာဗျူဟာတစ်ရပ်အဖြစ် လက်ခံထွေးပိုက်ခဲ့ကြသည်။ ပြုပြင်ရေးလုပ်ငန်းတစ်ရပ် (သို့) ကူးပြောင်းရေး ဖြစ်စဉ်တစ်ခုအလယ်၌ အင်အားကြီးမားသော ပြည်ပဖွံ့ဖြိုးရေး အေဂျင်စီများသည် လက်ခံယူသော တိုင်းပြည်များအနေဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး သဏ္ဍာန်တချို့အား နှစ်ဖက်အပြန် အလှန်ကူညီမှုကို လက်ခံရေးအတွက် စည်းကမ်းချက်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ကြသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၏ ဖော်ပြထားသောနှင့် ဖော်ပြမထားသော ပန်းတိုင်များတွင် စီးပွားရေးဖွံ့ဖြိုးမှု၊ တိုးပွားခဲ့သော စီမံခန့်ခွဲမှု အရည်အချင်းပြည့်ဝမှု၊ တိုးပွားလာနေသော ဒီမိုကရေစီထွန်းကားအောင် ဆောင်ရွက်မှုနှင့် ပညာရေး (သို့) အခြားဝန်ဆောင်မှုလုပ်ငန်းများအား ယေဘုယျအားဖြင့် တိုးတက်အောင်လုပ်ဆောင်နေမှုတို့ပါဝင်သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်အား ကဏ္ဍအားလုံးလိုလိုတွင်အသုံးပြုနိုင်သည်။ အချို့ကဏ္ဍ တွေမှာဆိုလျှင် လူမျိုးရေးပဋိပက္ခကို လျှော့ချပေးနိုင်သည့် အလားအလာရှိသည်။[36] ဗဟိုချုပ် ကိုင်မှုလျှော့ချခြင်းသည် လူမျိုးများ၏ စီမံအုပ်ချုပ်မှုအသွင် သဏ္ဍာန်များကို အဖွဲ့အစည်းဘောင်သွင်းမှု ဖြစ်လာစေသည်။ ဤပညာရေးနှင့် ဆိုင်သောဖြစ်ရပ်တွင် မူဝါဒဖွံ့ဖြိုးတိုးတက်မှု၊ သင်ရိုးညွှန်းတမ်းများအား တီထွင်ဆန်းသစ်မှု (သို့) ပြန်လည်ပြင်ဆင်မှုနှင့် ကျောင်းသားတန်ဖိုးဖြတ်မှုတို့ ပါဝင်လိမ့်မည်ဖြစ်ပြီး ရန်ပုံငွေများ၊ ဘတ်ဂျတ်ငွေစာရင်းခွဲဝေမှုအား ထိရောက်အောင် ဆန်းစစ်ခြင်း၊ အခွန်ဘဏ္ဍာငွေထုတ်လုပ်ပေးခြင်းနှင့် သယံဇာတ အရင်းအမြစ်များအား စီမံခန့်ခွဲခြင်းတို့လည်း ပါဝင်လိမ့်မည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် ဥပဒေ လမ်းကြောင်းမှ တစ်ဆင့် (သို့) အမိန့်အာဏာ ထုတ်ပြန်ခြင်းဖြင့် အလွယ်တကူ ပေါ်ပေါက်လာမည်မဟုတ်ပေ။

ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းများက အခြားနေရာများတွင် ဦးဆောင်မှုပြုလုပ်သော သုတေသန လုပ်ငန်းတွေ့ရှိချက်များအား တင်ပြထားပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် အဓိကအချက် အချာကျသော လက္ခဏာတစ်ရပ်ဖြစ်သည့် အုပ်ချုပ်ရေးပြုပြင်မှု လုပ်ငန်းစဉ်နှင့် ပတ်သက်သော ထောက်ခံအကြံပြုချက်များကို လည်း ထည့်သွင်းပေးထားသည်။[37] ၂၀၀၆ ခုလေ့လာမှုတွင် ဥပမာ- ကမ္ဘာ့ဘဏ်က ပညာရေး ပြုပြင်မှုအဓိက ရည်မှန်းချက်အဖြစ် တိုးတက်အောင်လုပ်ဆောင်ထားသော သင်ယူရေးအကျိုးတရားများကို ပြဌာန်းပေးပြီး ပညာရေးကဏ္ဍ၏ စီမံခန့်ခွဲမှုကို တိုးတက်အောင်လုပ်ဆောင်ခြင်းသည် ပြုပြင်ရေးဖြစ်ပေါ်အောင်လုပ်ဆောင်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်ဟုလည်း အကြံပေးထားသည်။[38] ဤလုပ်ငန်းစဉ်၏ အဓိကအချက်သည် ပညာရေးနှင့် ဆက်စပ်သော ဆုံးဖြတ်ချက်များကို ပြုလုပ်သည့် စွမ်းရည်ကို တိုးတက်အောင်ပြုလုပ်လျက်ရှိပြီး စနစ်၏ အရေးကြီးသော တန်ဖိုးဖြတ်ချက်များကို ခွဲခြမ်းစိတ်ဖြာလျက် ဦးဆောင်ပြုလုပ်သည့် စွမ်းရည်ကိုလည်း တိုးတက် အောင်ဆောင်ရွက်လျက်ရှိသည်။ သင်ယူမှုကိုလည်း တိုးတက်စေရန် ကမ္ဘာ့ဘဏ်က နိုင်ငံတစ်နိုင်ငံသည် သာမာန် ရိုးရိုးအုပ်ချုပ်မှုနှင့် ငွေကြေးပံ့ပိုးနိုင်စွမ်းကို ကျော်လွန်သည့်

---

[36] နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းသည် ယင်း ပဋိပက္ခများကို ခဏာတာ သက်သာရရစေနိုင်သော်လည်း အမြဲတစေ အောင်မြင်နိုင်သည် မဟုတ်ပါ။ လူမျိုးစု ပဋိပက္ခ သည် လွတ်လပ်ရေးရစဉ်ကတည်းက ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်၏ အချက်အချာ နလုံးသားနေရာတွင် ရှိနေပြီး ၄င်းမှာ ပညာရေး အပေါ်တွင် နက်ရှိုင်းစွာ သက်ရောက်ရှိနေပြီး အထူးသဖြင့် အစိုးရမဟုတ်သည့် အင်အားစုများ ထိန်းချုပ်ထားသည့် နယ်မြေများအပေါ်တွင် ပို၍ ကြီးမားစွာ သက်ရောက်ပါသည်။ Dawn Brancati, *Decentralization: Fueling the Fire or Dampening the Flames of Ethnic Conflict and Secessionism* (Cambridge: Harvard University, Institute for Quantitative Political Science, 2005) တွင်ကြည့်ပါ။

[37] ဥပမာကို The World Bank, *Accountability, Governance, and Quality of Decentralized Education in Africa* (Washington DC: The World Bank, 2009) တွင်ကြည့်ပါ။

[38] The World Bank, *From Schooling Access to Learning Outcomes: An Unfinished Agenda – an Evaluation of World Bank Support to Primary Education* (Washington DC: The World Bank, 2006) တွင်ကြည့်ပါ။

လိုအပ်ချက်များ၏ အဖက်ဖက်က ရုပ်ထွေးပါဝင်သော အစုတစ်ခုကို ထိတွေ့ဖြေရှင်းပေးသည်ဟု ထောက်ခံ အကြံပြုသည်။ ဤအချက်တွင် ဘာသာစကားမူဝါဒ (မိခင်ဘာသာစကား ပညာရေးပြဿနာ များအပါအဝင်) သင်ကြားပြသမှု အတတ်ပညာ၊ မိဘများပါဝင်မှု၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်း ပြုပြင်မှုတို့ ပါဝင်ပေလိမ့်မည်။ ထို့ပြင် ပညာရေးစနစ်က ပြုစုပျိုးထောင်ရန်ရည်ရွယ်သော ကျောင်းသား၊ နိုင်ငံသား (သို့) လူပုဂ္ဂိုလ် အမျိုးအစားအား စကားဖြင့် ရှင်းလင်း ပီပြင်အောင် ထုတ်ဖော် ပြောဆိုနိုင်စွမ်းရှိမည့် ပညာရေး ဆိုင်ရာ အတွေးအမြင်တို့ ပါဝင်လိမ့်မည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ရည်ရွယ်ချက်နှင့် ပတ်သက်၍ တစ်ခုသော အချေအတင်ဆွေးနွေးပွဲသည် ရှိပြီး ၎င်း၏ အကျိုးသက်ရောက်မှုသည် ဘာဖြစ်နိုင်သလဲ။ နိုင်ငံရေးအရ ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကို အုပ်ချုပ်ရေးနှင့် စီမံအုပ်ချုပ်မှုအား လူထုအပေါ် ပိုမိုတုံ့ပြန်မှုပြုသော နည်းလမ်းတစ်ရပ်အနေနှင့် သာမက ပိုမိုထိရောက်ပြီး ၎င်း၏ လုပ်ဆောင်ချက်များအတွက် ပို၍လည်း တာဝန်ယူတဲ့အပြင် ငွေကြေးကို ချွေတာစုဆောင်းသောနည်းလမ်းတစ်ရပ်အဖြစ်လည်း တွေ့မြင်ရသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ရန်ပုံငွေများအား မိမိတို့ဘာသာ ရှာဖွေရန် အောက်ခြေအုပ်ချုပ်ရေး အဆင့်များအား အားပေးအားမြှောက်ပြုလျက် ဗဟိုအစိုးရနှင့်အတူ ပညာရေးကဏ္ဍအား ငွေကြေးထောက်ပံ့မှု လျှော့ချခြင်း (သို့) ငွေကြေးထောက်ပံ့ရန် ဆင်ခြေအကြောင်းပြချက်အဖြစ် အသုံးပြုသောနေရာ ဖြစ်ရပ်များ ရှိနေသည်။ ဥပမာ- ပါကစ္စတန်တွင် တစ်မျိုးသားလုံးအဆင့် ပညာရေးဝန်ကြီးဌာနကို ပညာရေးအတွက် တာဝန်ပေးခံထားရသော ပြည်နယ်များ တစ်ခုစီနှင့်အတူ အလွယ်တကူ ပိတ်ပစ်ခဲ့သည်။ ထိုမျှမက ဗဟိုချုပ်ကိုင်မှု ပုံသဏ္ဌာန်အားလုံးသည် ဆိုးကို ဆိုးရမည် (သို့) အရည်အချင်းပြည့်ဝမှု မရှိဟုမဆိုလိုပါ။ အမေရိကန်ကဲ့သို့သော တိုင်းပြည်များတွင် ဥပမာ- ပညာရေးတွင် သမိုင်းအရ ဒေသဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့် အဆင့် ဒီကရီ မြင့်မားစွာ ခွင့်ပြုထားသော အမေရိကန်ပြည်ထောင်စုတွင် ပိုမိုကြီးမားသော ဗဟိုချုပ်ကိုင်မှုနှင့် စံချိန်သတ်မှတ်မှုနှုန်း ရှေးရှုမှုတစ်ချို့ရှိသည်။ ယင်းတို့၏ နမူနာတွင် ထိုင်းနိုင်ငံမှ မောင်းနီယာနှင့် ဖာဆီနာတို့က ဗဟိုချုပ်ကိုင်သော ပညာရေးစနစ်သည် ကျောင်းဝင်ရောက်မှုနှင့် အခြားနှုန်းများအား ဆက်လက်ထိန်းထားမှုတွင် အောင်မြင်မှုရနိုင်သည်ကို ပြထားသည်။ သို့သော် မဖြစ်မနေ အရည်အသွေးတိုးတက်မည်ဟုမဆိုလို။ ပညာရေး နှင့်ပတ်သက်၍ မည်သည့်ဖြစ်ရပ်များမှာမဆို တိတိကျကျ ဖွင့်ဆိုရန်ခက်ခဲသည်။ အထူးသဖြင့် ကျေးလက်ဒေသ များတွင် ခက်ခဲလှသည်။[39]

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး တကယ့် အစစ်အမှန်ပုံစံကား အတွေးအခေါ် အကောင်အထည်ဖော်မှုနှင့် အကျိုးသက်ရောက်မှုတို့အားဖြင့် လုပ်ငန်းစဉ်ကို တာဝန်ယူမှုတွင် အခြေအနေထင်ဟပ်သည်။ ခြုံ၍ပြောရလျှင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အဓိက သဏ္ဌာန်သုံးရပ်ရှိသည်။ *ဗဟိုတာဝန်စုပြုံမှု လျှော့ချခြင်း-* ၎င်းသည် ဗဟိုအစိုးရအဆင့် အသီးသီးတို့ကြား၌ ဆုံးဖြတ်ချက်ချမှတ်ခြင်း အာဏာနှင့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု တာဝန်များအား ပြန်လည်ပြုပြင်ခွဲဝေခြင်းဖြစ်သည်။ [40] ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ဤအသွင်သဏ္ဌာန်သည် အခြေခံမှစ၍ ပြောင်းလဲလိုမှု အနည်းဆုံးနှင့် တစ်ပြည်ထောင်စနစ်နိုင်ငံများတွင် အများဆုံးတွေ့ရတတ်သော အမျိုးအစားဖြစ်သည်။ ဗဟိုတာဝန်စုပြုံမှု လျှော့ချခြင်းပုံစံသည် ဗဟိုအစိုးရ အရာရှိများထံမှ တာဝန်များကို ဒေသကြီးများ ခရိုင်များ ပြည်နယ်များတွင် အလုပ်လုပ်ကိုင်နေကြသော သူများထံသို့ ရွှေ့ပြောင်းသွားခြင်းမျှသာ ဖြစ်သည်။ *လုပ်ပိုင်ခွင့်ပြုခြင်း* ကား ပိုမို ကျယ်ပြန့်သော အသွင်သဏ္ဌာန်ဖြစ်ပြီး ထိုမှတစ်ဆင့် ဗဟိုအစိုးရများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပြည်သူ့ အလုပ်တာဝန်များအား စီမံအုပ်ချုပ်မှုကို ဗဟိုအစိုးရက အလုံးစုံထိန်းချုပ်ထားခြင်းမရှိသော တစ်ပိုင်း လွတ်လပ်မှုရှိသော အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးသည်။ သို့သော်လည်း နောက်ဆုံးမှာ အစိုးရသို့ တာဝန်ခံသည်။ ဤအဖွဲ့အစည်းများတွင် ပြည်သူ့လုပ်ငန်းများနှင့် ကော်ပိုရေးရှင်းများပါဝင်ပြီး ယင်းတို့တွင် အများအားဖြင့် အရေးပါသော ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အခွင့်အာဏာရှိကြသည်။ ပညာရေးကိစ္စရပ်တွင် ဤအချက်သည် ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများ ပါဝင်ပေလိမ့်မည်။ *ဗဟိုအာဏာ ခွဲဝေအပ်နှင်းခြင်း* ကား ဆုံးဖြတ်ချက်ချနိုင်သော အခွင့်အာဏာ ဘဏ္ဍာရေး အပေါ်ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့အား ဒေသဆိုင်ရာ အစိုးရများသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ ဗဟိုအာဏာအား လက်အောက်ခံအဖွဲ့များသို့ ခွဲဝေပေးခြင်းသည် အများအားဖြင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် တာဝန်များကို မြို့တော်စည်ပင် သာယာရေးအဖွဲ့များ (သို့) မိမိတို့ဘာသာ ရွေးချယ်ထားပြီး

[39] Alan Mounier and Phasina Tangchuang eds., *Education and Knowledge in Thailand: The Quality Controversy* (Chiang Mai: Silkworm Books, 2010) တွင်ကြည့်ပါ။

[40] ဤအဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ Jennie Litvack and Jessica Seddon, eds., *Decentralization Briefing Notes* (Washington, DC: World Bank, 2000), 2 မှ အခြေခံထားပါသည်။

မိမိတို့ဘာသာ အခွန်ဘဏ္ဍာငွေများ ကောက်ခံ စုဆောင်းသော အခြားအမျိုးသားရေး အောက်အဆင့်များသို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။

အတိုချုပ်အားဖြင့်ပြောရလျှင် အနည်းဆုံးအနေဖြင့် ဗဟိုတာဝန်စုပြုံမှုလျှော့ချခြင်းသည် ပညာရေးဝန်ကြီးဌာန၏ လက်အောက်ရှိ ပညာရေးဝန်ဆောင်မှု လုပ်ငန်း သတ်မှတ်ပြဋ္ဌာန်းချက်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး မူလအခြေခံအားဖြင့် ပါဝင်ဆောင်ရွက်မည့် ပုံစံဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ အခြေခံဥပဒေ ဇယား-၁ အောက်မှာ ကျရောက်ခြင်းကို ထည့်တွက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများသည် ပညာရေးဝန်ကြီးဌာနခွင်ပြင်ပတွင် အလုပ်လုပ်ကြသည်။ ထို့ကြောင့် အုပ်ချုပ်ရေးဆုံးဖြတ်ချက်ချမှတ်မှုနှင့် ရသုံးမှန်းခြေငွေစာရင်းအာဏာများအား ကိုယ်စားပြုမှု၏ မမျှော်လင့်သော နမူနာတစ်ရပ်ဖြစ်သည်။

မြန်မာအစိုးရက ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် ပညာရေးပြုပြင်မှုတွင် သော့ချက်ကျသော မဟာဗျူဟာ တစ်ရပ် ဖြစ်သည်ဟု ဖော်ပြထားသည်။ လူမှုရေးနှင့်စီးပွားရေးပြုပြင်မှု အတွင်း မူဘောင်အရ အောက်တွင်ဆွေးနွေးထားသော အမျိုးသားစီမံကိန်းရေးဆွဲရေး မှတ်တမ်းတစ်ရပ်ကို ၂၀၁၂ ဒီဇင်ဘာတွင် ထုတ်ပြန်ခဲ့သည်။ အခြားအရာများအတွက် ဤမှတ်တမ်းက နောင်လာမည့် ၅ နှစ်မှ ၁၀ နှစ်ထိအတွက် အခြေခံပညာရေးကို ခြုံလွှမ်းမိအောင်ဆွေးနွေးထားသည်။ အခမဲ့ ဖတ်စာအုပ်များ ထောက်ပံ့မှု ဆင်းရဲသားနှင့် ချွင်းချက်ကျောင်းသားများအတွက် ထောက်ပံ့ကြေးများလည်း ပါဝင်သည်။ ဤကြေညာချက်က လူမျိုးနွယ်များနှင့် ဆိုင်သော ဗဟိုအာဏာခွဲဝေပေးရေး ပုံစံတစ်ခုခုသို့ ရွေးရှုလုပ်ဆောင်မည့် အစိုးရ၏ ရည်ရွယ်ချက်ကို ဖော်ပြသည်။ သို့သော် ဤအချက်ကို အောင်မြင်ပြီးစီးအောင် မည်သို့ဆောင်ရွက်မည်၊ အချိန်ကာလ သတ်မှတ်ချက်နှင့် အခြားအသေးစိတ်အချက်အလက်များမှာ ရှင်းလင်းမှုမရှိသေးပါ။ ကျယ်ပြန့်ပြည့်စုံသော ပညာရေးမူဝါဒ တစ်ရပ်မရှိခြင်းကြောင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို National Action Plans အရသာ ဆောင်ရွက်နေသည်ဟု နားလည်နိုင်ပါသည်။ ပညာရေးဝန်ကြီးဌာန အတွင်းရှိ ဗဟိုအာဏာ လျှော့ချရေးလုပ်ငန်းစဉ်သည် ရှိလာခဲ့သော ဝန်ကြီးဌာနတစ်ခု၏ ဆက်စပ်စဉ်းစားရမည့် အနေအထား၌ ဖြစ်ပေါ်နေသည်။ ယင်းသည် ဆက်လက်၍လည်း ရှိနေပြီး မြင့်မားစွာလည်း ဗဟိုမှ ချုပ်ကိုင်ခံရလျက်ရှိသည်။ လက်ရှိအချိန်မှာ ဝန်ကြီးဌာနသည် အချက်အလက်စုစည်းခြင်း၊ ကျောင်းသူ ကျောင်းသားများအား စစ်ဆေးခြင်းနှင့် ပညာရေးဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းများအား ဖြန့်ဝေပေးခြင်းတို့အတွက် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန် အုပ်ချုပ်ရေး အောက်ခြေအဆင့်များအား အသုံးပြုရန် အလားအလာရှိသည်။ သူတို့အား ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ခွင့် အာဏာပေးမည့်အစား ယခုလော လောဆယ်မှာ ထိုလုပ်ငန်းများ ကို လုပ်ဆောင်စေရန်ဖြစ်သည်။

### ၃။ (၂) မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဆက်စပ်စဉ်းစားရမည့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မြန်မာပြည်ပညာရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် ပိုမိုများပြားစွာ ဆက်စပ်စဉ်းစားရမည့် အပိုင်းမှာ ၂၀၁၂ ဒီဇင်ဘာလတွင် အစိုးရမှ ထုတ်ပြန်ခဲ့သော စီးပွားရေးနှင့် လူမှု ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံ မူဘောင် (FESR) ဖြစ်ပါသည်။ ဤအထောက်အထားစာတမ်းသည် စီးပွားရေး၊ ပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့် ပညာရေး ပြုပြင်မှုတို့ပါဝင်သော ကဏ္ဍအများအပြားတွင် ဦးသိန်းစိန်အစိုးရက မူဝါဒဦးစားပေးမှုများအား တင်ပြထားသည်။ ထိုလူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် မူဘောင် (FESR) သည် အစိုးရ လက်ရှိရေးဆွဲနေသော အနှစ် ၂၀ စီမံကိန်း ဖြစ်သော ကျယ်ပြန့်ပြည့်စုံသည့် ဖွံ့ဖြိုးရေးစီမံကိန်းအား ပေါင်းကူးတံတားအနေဖြင့် ရေတိုအတွက် ထောက်ခံအကြံပေးချက်များကို ကူညီပံ့ပိုးပေးလျက်ရှိသည်။ သို့သော် FESR သည် ပညာရေးကဏ္ဍရှိ ကျယ်ပြန့်ပြည့်စုံသည့် ရှုမြင်ချက်တစ်ရပ် (သို့) ပြုပြင်ရေး လုပ်ငန်းစဉ်၏ မျှော်လင့်ထားသော အကျိုးရလဒ်များအား ရှင်းလင်းပီပြင်စွာ ရှင်လင်းပြောပြနိုင်ခြင်းတစ်ခုခုကို ပေးအပ်ခြင်းမရှိခဲ့ပါ။ ထိုအစား အစိုးရသည် မြန်မြန်ဆန်ဆန် အောင်မြင်နိုင်မှုရရေး ဆိုသည့်အပေါ်မှာသာ အထူး အလေးထားလျက်ရှိသည်။ ထိုအနက် ကိုးခုရှိပြီး လက်ရှိအစိုးရနှင့် ယေဘုယျပြုပြင် ရေးလုပ်ငန်းစဉ်အတွက် ထောက်ကူကျားကန်ပေးမည့် နည်းလမ်းတစ်ရပ် အနေနှင့် ယေဘုယျ နိုင်ငံသားအတွက် အလျင်အမြန်ပြောင်းလဲမှုများကို ဖန်တီးရန် ရည်ရွယ်ပုံရပါသည်။ FESR ၏ အလျင်အမြန် အောင်မြင်နိုင်မှုဆိုသည်တို့အနက် အလျင်အမြန် အောင်မြင်နိုင်မှုတစ်ခုမှာ အခြေခံပညာအား ငွေကြေးထောက်ပံ့မှုပုံစံကို ပြောင်းပစ်ရန် ဖြစ်သည်။ ထို့ပြင်

ကျယ်ပြန့်ပြည့်စုံသော ပညာရေးကဏ္ဍ ပြန်လည်သုံးသပ်မှုတစ်ရပ် ပြုလုပ်ရန်လည်းပါဝင်ပါသည်။ FESR က အောက်ခြေအဆင့် များသို့ စာသင်ကျောင်းထောက်ပံ့ကြေးများ (သို့) ကျောင်းသားပညာသင်ထောက်ပံ့ကြေးများ(သို့) စည်းကမ်းချက်ဖြင့် ငွေသားလွှဲပြောင်းပေးနိုင်မှု အလားအလာ ကိုလည်း ဖော်ပြထားပါသည်။ ယင်းကို အောက်ပါတွေ့ရှိချက်များအရ အသေးစိတ် ဆွေးနွေးထားကြသည်။

*မြန်မာအစိုးရသည် အမျိုးမျိုးသော ပုဂ္ဂလိကနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများမှ ကြီးမှူးသော ပညာရေး အစီအစဉ်များကို ချောမွေ့အဆင်ပြေစေရန် အတွက် လိုအပ်သော မူဝါဒများအား အင်အားနိုင်မာအောင် လုပ်ဆောင်မည်။ တစ်ချိန်တည်းတွင် အခြေခံဥပဒေ၏ လိုအပ်ချက်နှင့်အညီ ပညာရေးစီမံခန့်ခွဲမှုအား ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကိုလည်း ရှေ့ဆက်ဆောင်ရွက်မည်ဖြစ်သည်။ အခြေခံပညာရေးစနစ်အတွင်း ဒေသအလိုက် ရည်ရွယ်ထားသော သင်ရိုးညွှန်းတမ်းအား သင်ကြားပြသရေးအပြင် တရားဝင်မဟုတ်သော အစီအစဉ်များ ပေါင်းစည်းညီညွတ်စေရန်လည်း ဖြစ်သည်။ ဤပြုပြင်ရေးမူဝါဒနှင့် မဟာဗျူဟာတွင် ဆယ့်တစ်နှစ်မှ ဆယ့်နှစ်နှစ်အထိ အခြေခံပညာရေးစနစ် အားတိုးချဲ့သွားရန် လိုအပ်သည်ဆိုသော အချက်အပေါ် အထူးအရေးထားလိမ့်မည်။ ကလေးသူငယ် ဗဟိုပြုသော သင်ကြားနည်းစနစ်များ ဆရာအတတ် လေ့ကျင့်သင်ကြားရေးအဆင့် မြင့်တင်ပေးခြင်းနှင့် အခြေခံပညာအရည်အသွေးတိုးမြှင့်ရန်လိုအပ်သော သင်ရိုးညွှန်းတမ်း ပြုပြင်ရေးများပေါ်မှာလည်း အထူးအလေးထားလိမ့်မည်။ ထို့ပြင် ဆရာလုပ်အား ဝန်ဆောင်ခ ရှင်းပေးခြင်းနှင့် ပိုမိုကျယ်ပြန့်သော ပညာရေးဘဏ္ဍာငွေ ထောက်ပံ့မှုကိစ္စရပ်များ၊ ပညာအရည်အချင်း တိုးတက်မှုနှင့် သရုပ်ဆောင်မှုအတွက် ကြံ့ခိုင်သောစနစ် တည်ထောင်ရေး၊ မိဘများကိုယ်တိုင် လုပ်ငန်းစဉ်ထဲတွင် တက်ကြွစွာ ပါဝင်ခြင်း၏ အရေးကြီးမှုအပါအဝင် ပညာရေးစီမံခန့်ခွဲမှုထဲ၌ နောက်ထပ် ပြုပြင်ရေးများအပေါ်တွင်လည်း အာရုံစိုက်လိမ့်မည်။ ထို့ပြင် မြန်မာအစိုးရသည် လမ်းခုလပ်မှ ကျောင်း ထွက်ရသော ကလေးများနှုန်း မြင့်နေခြင်းနှင့် မိသားစုများအပေါ် အိတ်စိုက်ကုန်ကျစရိတ်ဝန်ပိမှုကို ဖြေရှင်းပေးမည့် အခြားထောက်ကူ ဆောင်ရွက်မှုများကိုလည်း အရေးထားမည်။*

- *စီးပွားရေးနှင့် လူမှုပြုပြင်ပြောင်းလဲရေးအတွက် အခြေခံမူဘောင်- ၂၀၁၂ ဒီဇင်ဘာ၊ စာ-၂၈-၂၉*

သို့သော်လည်း FESR နှင့် ပညာရေးဆိုင်ရာ နှစ်သုံးဆယ် အမျိုးသားဆောင်ရွက်မှုစီမံကိန်းတို့သည် ညီညွတ်သဟဇာတဖြစ်ခြင်း မရှိဟူသော အချက်ကို အထူးမှတ်သားရန် အရေးကြီးပေသည်။ အဆိုပါ နှစ်သုံးဆယ်စီမံကိန်းသည် ယခင်အစိုးရလက်ထက်က ဖန်တီးခဲ့ခြင်းဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (သို့) ဗဟိုအာဏာကို လက်အောက်ခံ အဖွဲ့အစည်းများသို့ ခွဲဝေပေးရေး (သို့) အုပ်ချုပ်ရေး (သို့) ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ရေး အာဏာအားလုံး အရွှေ့အပြောင်း လုပ်ရေးတို့အား ဦးတည်ဖြေရှင်းဆောင်ရွက်ထားမှု မရှိပေ။ သို့သော်လည်း ဤအစိုးရ စီမံကိန်း နှစ်ရပ်စလုံးသည် တွေ့ဆုံမေးမြန်းထားသော ပညာရေးဝန်ကြီးဌာနမှ အရာရှိများ၏ ဆွေးနွေးပြောဆိုထားသော အယူအဆ သဘောထားများနှင့် အတွေ့အကြုံများက ၎င်းအား ဆန့်ကျင်၍ နားလည်သဘောပေါက်စေမည့် စံချိန်စံညွှန်းတစ်ရပ်ကို ရရှိစေပါသည်။

အောက်တွင်တွေ့ရှိချက်များအပေါ် ယင်းကဏ္ဍတွင် ပိုမိုအသေးစိတ်ကျကျ ဆွေးနွေးထားသကဲ့သို့ ပညာရေးကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် ဗဟိုတာဝန်စုပြုံမှုကို အကန့်အသတ်ဖြင့် လျှော့ချသည့် (a limited deconcentration) ပုံစံတစ်ရပ်ဖြစ်ပြီး တာဝန်ရှိမှုများအား အထက်အဆင့်မှ အောက်အဆင့်များသို့ ရွှေ့ပြောင်းပေးခြင်း ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဟူသော စကားကို မည်သို့နားလည်ပါသလဲဟု မေးသောအခါ (အင်္ဂလိပ်ဝေါဟာရကို သုံးလျက် မြန်မာဘာသာဖြင့်) အမေးခံရသူများက နေရာတကာ ချုပ်ကိုင်မှုပြုသော ဗဟိုဌာန၊ ယခုတော့ ဆက်ပြီးရှိတော့မည်မဟုတ်ဟူသော စာကြောင်းဖြင့် ဖြေဆိုကြသည်။ ဆွေးနွေးမှုအများစုမှာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပတ်သက်ခဲ့သည်။ တစ်နည်းအားဖြင့် အုပ်ချုပ်ရေး အဆင့်သစ်များကို တီထွင်ဖန်တီးခြင်းနှင့် အောက်အဆင့် အုပ်ချုပ်ရေးများအား ရသုံးမှန်း ခြေငွေစာရင်းကို လိုသလို ချင့်ချိန်ဆုံးဖြတ်ပိုင်ခွင့်ရရှိရေးဖြစ်သည်။ အစိုးရအုပ်ချုပ်ရေးတစ်လျှောက် ဗျူရိုကရက်ယဉ်ကျေးမှု၏အဆင့် ထင်ဟပ်ချက်ဖြစ်ကောင်းဖြစ်ဖွယ်ရာရှိသည်မှာ လုပ်ပိုင်ခွင့်ပြုမှုကို အကန့်အသတ်ပြုထားခြင်း ဖြစ်သည်။ အာဏာရာထူးနေရာများ၌ ရှိသောသူများသည် ၎င်းတို့၏ အထူးအခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန် ရည်ရွယ်ကြသည်။ ပိုမိုများပြားစွာ လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့သည် ထိုအချက်များနှင့် ဆက်စပ်၍ ဖြစ်ပျက်ကြလိမ့်မည်။ လူမျိုးစု အမျိုးသား ပညာရေးစနစ်များ အနက်

တချို့မှာ အစိုးရသင်ရိုးညွှန်းတမ်းကို လိုက်နာသော်လည်း ဗဟိုစနစ်က ၎င်းတို့အား အသိအမှတ်ပြုရုံလောက်သာဖြစ်ပြီး၊ ၎င်းတို့အား အသိအမှတ်ပြုရေးနှင့် ကြည့်ကြပ်မှုပေးရေးလုပ်ငန်းစဉ်မှာ စိတ်မချမ်း မြေ့စရာတွေနှင့် အတိရှိနေသည်။

ပုဂ္ဂလိကပိုင် ပြုလုပ်ရေးသည် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အရေးကြီးသော အခြေခံအချက်တစ်ရပ် ဖြစ်သည်။ လုပ်ပိုင်ခွင့်ပြုခြင်းနှင့်ပတ်သက်သော ညွှန်ကြားချက်များအောက်၌ ထည့်သွင်း နိုင်သည်။ ဆုံးဖြတ်ချက်ချမှတ်သော အာဏာနှင့် တာဝန်တို့ကို စာသင်ကျောင်း (သို့) ပုဂ္ဂလိက ကုမ္ပဏီ၏ အဆင့်၌ အပြည့်အဝကိုင်တွယ်ဆောင်ရွက်သည်။ ဥပမာ-အလွတ်ပညာသင်ကျောင်းအချို့၏ ဖြစ်ရပ်မှာ ဤကဲ့သို့ပင်ဖြစ်သည်။ မကြာသေးမီက ဥပဒေအပြောင်းအလဲတစ်ရပ်တွင် အရေအတွက် တိုးတက်လာသော ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်ခြင်းကို လွယ်ကူချောမွေ့စေခဲ့သည်။ လက်ရှိတွင် တစ်နိုင်ငံလုံး၏ အခြေခံပညာရေးကို ထောက်ကူပံ့ပိုးပေးနေသော ပုဂ္ဂလိကကျောင်းမှာ ၆၂ ကျောင်းရှိသည်။[41] ဤတိုး တက်ဖွံ့ဖြိုးမှု၏ ဖြစ်နိုင်ခြေရှိသော အကျိုးတရားများအတွက် လေ့လာစူးစမ်းကြည့်ရန် အိန္ဒိယနိုင်ငံ ရှိသည်။ ထိုနိုင်ငံ၌ ပညာရေးအား ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ကျောင်းဝင်ခြင်းအား ကျောင်းလခ အခြေခံသော ပုဂ္ဂလိက ကျောင်းများ၏ အလျင်အမြန်တိုးတက်လာမှုကို ထည့်သွင်းထားသည်။ ဤစနစ်က အခွင့်အရေးနှင့် အရည်အသွေး၏ ကြီးမားသော တရားမျှတမှုမရှိခြင်းကို ဖန်တီးထားသည်။ [42] မြန်မာပြည်တွင် ဤကျောင်းများအနက် အများအပြားသည် အစိုးရသင်ရိုးညွှန်းတမ်းအား သင်ပြရန် တရားဥပဒေနှင့်အညီ လိုအပ်သော်လည်း အထက်တန်းပညာနှင့် ပြည်ပ၌ အလားအလာရှိသော အလုပ်အကိုင်အတွက် နိုင်ငံကူး လက်မှတ်တစ်စောင်အဖြစ် အားသွန်ခွန်စိုက်လုပ်ရသော အင်္ဂလိပ်ဘာသာစကားလေ့ကျင့် သင်ကြားရေးကို ရရှိစေသည်။ မြန်မာပြည်တွင် လူအများအပြားသည် အလားတူယုံကြည်မှုများနှင့် မျှော်လင့်ချက်များကို အင်္ဂလိပ်ဘာသာကြားခံပညာရေးတွင် ကိုင်စွဲထားကြသည်ဆိုသော သက်သေအထောက်အထား များစွာရှိသည်။ တစ်ချိန်တည်းတွင် ပုဂ္ဂလိက ကျောင်းများအား ခွင့်ပြုပေးသည့် သဏ္ဍာန်အရ တချို့လုပ်ကိုင်ခွင့်ပေးမှုရှိပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှတစ်ဆင့် ပညာရေးကို ပံ့ပိုးပေးနေသည့် အစိုးရ မဟုတ်သော အုပ်စုများ၏ ဖွင့်မပြောဘဲ လက်ခံမှုလည်း ရှိသည်။ တချို့က လုပ်ကိုင်ခွင့် ပြုခြင်းအစား အာဏာခွဲဝေ အပ်နှင်းခြင်းဖြင့်သာ ရေရှည်အောင်မြင်ရန်အတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းရှိသည်ဟု အကြံပြုကြသည်။ အကြောင်းမှာ ပြောင်းလဲမှုဖြစ်စဉ် အတွင်း၌ အဆက်ပြတ်မသွားခြင်း၏ ပိုမိုကြီးမားသော အနေအထား တစ်ရပ်အတွက် ထောက်ကူပေးမှုကို ရရှိစေ၍ ဖြစ်ပါသည်။ [43]

### ၃။ (၃) ဗဟိုချုပ်ကိုင်မှုလျှော့ချရေး သုတေသနတွေ့ရှိချက်များ- ခြုံငုံသုံးသပ်ချက်

အောက်ပါတို့မှာ ပညာရေးတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၏ အဓိကလက္ခဏာများ စာရင်း ဖြစ်သည်။ ဤသုတေသနလုပ်ငန်းစဉ် တစ်လျှောက်တွင် ဖော်ထုတ်တွေ့ရှိရသည့်အတိုင်း ဖြစ်သည်။ အချက်တစ်ချက်စီကို ယေဘုယျရည်ရွယ်ချက် အယူအဆအတိုင်း တင်ပြထားသည်။ အစိုးရ (သို့) အုပ်ချုပ်ရေး၏ အဆင့်အသီး သီးကြား၌ ဖြန့်ဝေထားသော စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိမှုများအပေါ် အာရုံစူးစိုက်သော အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး (သို့) အသုံးစရိတ် တာဝန်ရှိမှုများအား တာဝန်ပေးအပ်ပုံနှင့် ကိုက်ညီသော သယံဇာတ အရင်းအမြစ်များကို ရရှိစေပုံ၊ နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်မှုအား လွှဲအပ်ခြင်းနှင့် အုပ်ချုပ်ရေး၏ အောက်အဆင့်များသို့ တာဝန်ခံခြင်း ပါဝင်သည်။[44]

#### အုပ်ချုပ်စီမံမှု

- အုပ်ချုပ်ရေးအပိုင်း၌ ၂၀၁၂ တွင် ခရိုင်အဆင့်အသစ်တစ်ရပ်ကို ဖန်တီးခဲ့ကြသည်။ တစ်ခုသော ဆုံးဖြတ်ချက်ချမှတ်သည့် အာဏာအား မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ မြှင့်တင်ပေးခဲ့သည်။ သို့သော် ဤစာတမ်းရေးသားချိန်၌ ဤအချက်သည်

[41] *Union Daily*, 18 June 2013 တွင်ကြည့်ပါ။

[42] Gretchen Cheney *et al*, *A Profile of the Indian Education System: Prepared for New Commission on the Skills of the American Workforce*" (National Center on Education and the Economy, 2005) တွင်ကြည့်ပါ။

[43] Mark E. Hanson, *Education Decentralization: Issues and Challenges* (1997), 5. တွင်ကြည့်ပါ။

[44] ဤဖွင့်ဆိုချက်များမှာ Hamish Nixon ပါဝင်ရေးသားသည့် State and Region Governments in Myanmar(၂၀၁၃)၊ ၄ မှ ဖြစ်ပါသည်။

အမှန်တကယ်ဖြစ်ရပ်ထက် သဘောတရား အရသာ ရှိနေပါသေးသည်။ ဤအချက်ကြောင့် တချို့သော အောက်ခြေမှ တာဝန်များအား အဆင့်တစ်ခုသို့ လွှဲပြောင်းသွားမည်ဖြစ်ပြီး တာဂန်အချို့မှာ ပိုမြင့်သည့် ပြည်နယ်အဆင့်မှ အောက်အဆင့် (ခရိုင်)သို့ ဆင်းသက်စေလိမ့်မည်။ ကိန်းဂဏန်းအချက်အလက်များ စုစည်းခြင်းတာဂန်မှာ မြို့နယ်မှ ခရိုင်သို့ပြောင်းရွှေ့ သွားမည်ဖြစ်ပြီး တစ်ချိန်တည်းတွင် ခရိုင်တစ်ခုအတွင်းရှိ ကျောင်းမှ ကျောင်းသို့ ဆရာများအား ရွှေ့ပြောင်းမှုအာဏာသည် ပြည်နယ် (သို့) ဒေသကြီးမှ ခရိုင်အဆင့်သို့ဆင်းသက်မည်ဖြစ်သည်။ ဤပြောင်းလဲမှုများသည် ဗဟို တာဂန် စုပြုံမှုကို လျှော့ချ ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံအုပ်ချုပ်မှု အဆောက်အအုံအတွင်း၌ အောက်အဆင့်တစ်ရပ်၌ ပိုမိုများပြားသော အုပ်ချုပ်စီမံမှုစွမ်းအားကို တည်ဆောက်ရန် ပြည်ထောင်စုအဆင့်၌ ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည်။[45]

- ခန့်အပ်မှုဆိုင်ရာ ကိစ္စတွင် အပြောင်းအလဲ အနည်းငယ် ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်အတွင်း တွေ့ဆုံမေးမြန်းခံရ သူတို့အဆိုအရ မကြာမီက မှတ်မိသမျှတွင် ပထမအကြိမ်အနေနှင့် ဒေသကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီးဌာန အရာရှိများအား ကျောင်းဆရာ အမျိုးအစားတစ်ရပ်ကို ခန့်အပ်ရန် ခွင့်ပြုခဲ့သည်။ ယင်းကား အလယ်တန်းလက်ထောက် ဆရာများဖြစ်ပြီး ထိုအနက် မူလတန်း ပညာရေးစနစ်ကို တိုးချဲ့ရန် ကြိုးပမ်းမှုအနေဖြင့် အသစ်ခန့်အပ်မှု ၁၀၀၀၀ ရှိလိမ့်မည်။ အခြားသော ဆရာအားလုံးကို ပြည်ထောင်စုအဆင့်၌ ဆက်လက် ခန့်အပ်ခဲ့ပြီး အားလုံးသော ပညာရေး ကဏ္ဍခေါင်းဆောင်မှု အဖြစ်နှင့် ရှိနေပါသည်။

- သင်ရိုးညွှန်းတမ်းနှင့် အကဲဖြတ်ချက်များသည် ပညာရေးဝန်ကြီးဌာန၏ ဗဟိုအုပ်ချုပ်မှု အောက်တွင် ရှိနေဆဲ ဖြစ်သည်။

- အခြေခံအဆောက်အအုံ၊ ကျောင်းပြုပြင်ရေးနှင့် ထိန်းသိမ်းရေးနှင့် ဆက်နွယ်နေသော ဆုံးဖြတ်ချက် များအတွက် လုပ်ပိုင်ခွင့် အာဏာသည် ရောထွေးလျက်ရှိနေဆဲဖြစ်သည်။။ တချို့ဆုံးဖြတ် ချက်များကို မြို့နယ်တွင်ပြုလုပ်၍ အခြားဆုံးဖြတ်ချက်များ ကို အခြေခံပညာဦးစီးဌာနများ၌ ပြုလုပ်သည်။ မြို့နယ်အရာရှိများသည် အခြေခံပညာဦးစီးဌာနများမှ သဘောတူညီချက်ကို ကြိုးစားပမ်းစားယူရသည်။ ပြည်နယ်နှင့်ဒေသကြီးအဆင့်ကို ခုန်ကျော်သွားသကဲ့သို့ ဖြစ်ရသည်။ ပိုမို၍ လေ့လာဆန်းစစ်မှု ပြုလုပ်ရန် လိုသည်။ အထူးသဖြင့် ဤဆုံးဖြတ်ချက်များတွင် အကျိုးအမြတ်များသော ဆောက်လုပ်ရေး ကန်ထရိုက်များ ပါဝင်ရန် အလားအလာများ ရှိနေခြင်းကြောင့် ဖြစ်သည်။

**ဘဏ္ဍာရေး**

- တွေ့ဆုံမေးမြန်းချက်များအရ ရသုံးမှန်းခြေငွေစာရင်း ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအဆင့်၌ ဆက်လက် ဆောင်ရွက်သည်။ အောက်အဆင့်များသို့ ပေးထားသော အခွင့်အာဏာနှင့် မပြုလုပ်ပါ။ သေးငယ်၍ အကန့်အသတ်ရှိသော ခြွင်းချက်တစ်ရပ်ကို ၂၀၁၂မှာ စတင်ပြုလုပ်ခဲ့သည်။ ကျောင်းအုပ်ဆရာကြီးများအား အကန့်အသတ်ဖြင့် လိုသလို ချင့်ချိန်ဆုံးဖြတ်ခွင့်ပေးထားခဲ့သည်။ ထိုခွင့်ပြုချက်အရ ကုန်ကျစရိတ်များမှာ အသုံးစရိတ်အမျိုးအစားအရ ခွဲဝေပေးထား သည်။ ကျောင်းအုပ်ဆရာကြီးများတွင် ကြိုတင်သတ်မှတ် ထားသော စီမံချက်မှ ခွဲထွက်ရန် အခွင့် အာဏာမရှိပေ။ မြို့နယ်ပညာရေးအရာရှိသို့ အစီရင်ခံစာ တင်ရမည်ဖြစ်သည်။

- အောက်အဆင့်၌ အခွန်ဘဏ္ဍာငွေကောက်ခံစုဆောင်းရေးနှင့် ပတ်သက်သော မူဝါဒများမှာ ရှင်းလင်းပြတ်သားမှု မရှိပါ။ ပြည်ထောင်စု အဆင့်အောက် မည်သည့် အဆင့်အလွှာကမျှ နိုင်ငံတကာ အလှူရှင်များသို့ တိုက်ရိုက်ချဉ်းကပ်နိုင်ခြင်းမရှိပါ။ သို့သော်လည်း လက်တွေ့ကျင့်သုံးမှုအရ စာသင်ကျောင်းတစ်ကျောင်းစီတို့သည် သက်သာချောင်ချိရေးကော်မတီ (သို့) မိဘဆရာအသင်းများ မှတစ်ဆင့် အရေးပေါ်ပြင်ဆင်ရေးအတွက် ရန်ပုံငွေကောက်ခံ စုဆောင်းနိုင်ပြီး အရေးပေါ်ပြုပြင်ရေး အတွက် နမူနာကဲ့သို့ဖြစ်ပါသည်။ ကျောင်းအုပ်ဆရာကြီးသည် မြို့နယ် (သို့) ခရိုင်အရာရှိထံမှ သဘောတူညီချက် ရယူရမည်ဖြစ်ပါသည်။ အကြောင်းမှာ ဒေသဆိုင်ရာ အဆင့်များ၌ သင်ရိုးညွှန်း တမ်းနှင့် ပတ်သက်၍သော်လည်းကောင်း

[45] မွန်ပြည်နယ်မှ ပညာရေးအရာရှိများနှင့် တွေ့ဆုံမေးမြန်းခြင်း

(သို့) အထူးအစီအစဉ်များနှင့် ပတ်သက်၍သော် လည်းကောင်း အခွင့်အာဏာမရှိ၍ ဖြစ်ပါသည်။ ထိုသို့သော အသုံးပြုမှုများအတွက် သူတို့မှာ ရန်ပုံငွေကောက်ခံပိုင်ခွင့် မရှိပါ။

- တွေ့ဆုံမေးမြန်းခံရသူများ အဆိုအရ ၂၀၁၂ တွင် စတင်ခဲ့သော အစီအစဉ်တစ်ရပ်အရ စာသင်ကျောင်းများသည် စကောလားရှစ်များ လက်ခံရယူနိုင်ရန်အလိုရှိသော ကျောင်းသားများအား ရွေးချယ်ရန် လိုအပ်သည်။ စာသင်ကျောင်းသည် ကော်မတီတစ်ရပ်ဖွဲ့၍ ကျောင်းသားများအား တန်ဖိုးဖြတ်၍ ရွေးချယ်ရမည်။ ထုံးစံအတိုင်းအရေအတွက် အလွန်နိမ့်ကျပြီး ဥပမာ- ကျောင်း တစ်ကျောင်းကို လေးယောက်ဖြစ်သည်။ ကျောင်းများသည် ပိုမိုသော ထောက်ပံ့ငွေနှင့် ပိုမိုသော ကျောင်းသားများကို တောင်းဆိုနိုင်ခြင်းမရှိ။ ထိုကျောင်းသားများအား ကူညီရန် အခြားနေရာများမှ ဘတ်ဂျတ်ဝေစုများကို ရွှေ့ပြောင်းလုပ်ဆောင်နိုင်ခြင်းမရှိ။

**နိုင်ငံရေး**

- ၂၀၁၃ စက်တင်ဘာတွင် ဤအစီရင်ခံစာရေးသားနေချိန်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့တွင် ပညာရေးအပေါ်၌ အခွင့်အာဏာ မရှိပါ။ ပညာရေးဝန်ကြီးဌာနနှင့် ဒေသကြီးလွှတ်တော်များနှင့် လွှတ်တော်အဖွဲ့ဝင်များအကြား တရားဝင် ဆက်သွယ်မှု ရှိပုံမရ။ မည်သို့ဖြစ်စေ ပညာရေးသည် အခြေခံဥပဒေပါ ဇယား ၁ အောက်တွင် ကျရောက်သည်။ ထို့ကြောင့် ဤလွှတ်တော်များသည် ပညာရေးတွင် မည်ကဲ့သို့ ပါဝင်လာနိုင်သည် ဆိုသော အချက်မှာ ရှင်းလင်းမှုမရှိပါ။ ဤလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သော ပညာရေးဝန်ကြီးဌာန အရာရှိအများအပြားက ပြည်နယ်ဥပဒေပြု လွှတ်တော်များမှာ သူတို့၏ လုပ်ငန်းနှင် သက်ဆိုင်မှု မရှိသကဲ့သို့ ရှုမြင်ခဲ့ကြသည်။ ထိုအချက်ကို အရာရှိတစ်ဦးက သူတို့မှာ သူတို့ကိစ္စများကို ဆောင်ရွက်နေကြသည်ဟု ဆိုခဲ့သည်။

- ပြည်ထောင်စုလွှတ်တော်အဆင့်၏ အောက်၌ ပညာရေးနှင့် ဆက်စပ်၍ မည်သည့်ရွေးချယ်တင်မြှောက်ခံ အရာရှိမျှ ပါဝင်ဆောင်ရွက်ခြင်းမရှိခဲ့။ အလားတူ ဆရာများနှင့် ကျောင်းအုပ်ဆရာကြီးများကို ခန့်အပ်ရန် အာဏာသည် ပြည်ထောင်စု အဆင့်မှ အခြေခံပညာဦးစီးဌာနအပေါ်တွင် တည်သည်။ မည်သည့် အောက်အဆင့်မှ ရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်းများ (သို့) ကော်မတီများမှ ဤခန့်အပ်မှုများကို ပြုလုပ်ရန် အခွင့်အာဏာမရှိပေ။

- ပြည်နယ်မဟုတ်သော လူမျိုးအုပ်စုများနှင့် ဆက်စပ်၍ အမျိုးသားပညာရေးဟု ခေါ်သော စနစ်အချို့ ရှိသည်။ ထိုအုပ်စုများသည် ဗဟိုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိထားကြပြီး ဖြစ်နိုင်မည်ဟု ယူဆသော လူမျိုးစု ပညာရေးစနစ်များကို ဖန်တီးထားကြသည်။ ဥပမာ- မွန်အမျိုးသား ကျောင်းများဖြစ်ပြီး ၎င်းတို့သည် မွန်ပြည်သစ်ပါတီကြောင့် ဖြစ်ပေါ်တိုးတက်လာခြင်း ဖြစ်သည်။ သို့သော်လည်း ဤစနစ်များသည် တရားဝင်မဟုတ်ဘဲ မလွှဲမရှောင်သာ ပေါ်ပေါက်လာသော အခြေအနေတစ်ရပ် ဖြစ်ပြီး ဗဟိုအာဏာ ခွဲဝေ အပ်နှင်းထားသည့် ပုံစံတစ်ခုအဖြစ်လည်း ရှုမြင်နိုင်ပါသည်။

### ၃။ (၄) ပညာရေးကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ဖြစ်စဉ်များ

ဤသုတေသနစာတမ်းရေးသားနေချိန်၌ သုတေသန၏ အဓိက တွေ့ရှိချက်သည် ပညာရေးကဏ္ဍတွင် ဖြစ်ပျက်နေသော ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၏ များစွာအကန့်အသတ်ဖြင့် လုပ်ထားသော လက္ခဏာများ ဖြစ်သည်။ ဤသုတေသနလုပ်ငန်းထဲ၌ လေ့လာ အကဲခတ်မိသမျှ အနက် အများအပြားနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့်ပတ်သက်၍ ဖြေကြားသူများ ဖော်ပြထားသမျှ အနက် အများအပြားတို့မှာ လူမှုသက်သာချောင်ချိရေး ဝန်ဆောင်မှုလုပ်ငန်းများအား ဖြည့်ဆည်းပေးခြင်းအဖြစ် ပိုမို၍ တိုးတက် နားလည်နိုင်ပါသည်။ ယင်းတို့ကို ပညာရေးဝန်ကြီးဌာန ဗဟိုအဆင့်၌ ဆုံးဖြတ် ဆောင်ရွက်ထားခဲ့သည်။ ဤဝန်ဆောင်မှုလုပ်ငန်းများ၏ ဖြည့်ဆည်းပေးမှုသည် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အသွင်သဏ္ဍာန်တစ်ရပ်ကို ကိုယ်စားပြုပြီး အောက်ခြေအဆင့်၌ ရှိသောသူများသည် ပိုမိုများပြားသော လုပ်ငန်းနှင့် တာဝန်များရှိသော်လည်း လုပ်ပိုင်ခွင့်အာဏာမှာ အကောင်အထည်ရှိရှိ တိုးပွားလာခြင်းမရှိဟု ဆိုလိုသည်။

မကြာမီက စတင်တည်ထောင်လိုက်သော အစီအစဉ်များက ကျောင်းသားတစ်ဦးစီအား စာရင်းသွင်းခြင်းအတွက် ကျပ်ငွေ ၁၀၀၀ (အကြမ်းအားဖြင့် ၁ ဒေါ်လာ) ထောက်ပံ့ပြီး ဆင်းရဲသော ကျောင်းသားများကိုလည်း ထောက်ပံ့ကြေးပေးခဲ့သည်။ ယင်းတို့ကားစံနမူနာ နှစ်ရပ်ပင်ဖြစ်သည်။ မကြာမီက အခြားစနစ် ပြောင်းလဲမှုတစ်ရပ်မှာ ကျောင်းအုပ်ဆရာကြီးလိုသလို ချင့်ချိန်သုံးသပ် စီမံခန့်ခွဲရန် ခွင့်ပြုထားသော ရသုံးမှန်းခြေစာရင်းဟုခေါ်သော အသေးစားခွင့်ပြုမှုတစ်မျိုးအား လွှဲပေးခဲ့ခြင်းဖြစ်ပါသည်။ ငွေကြေး ပမာဏများမှာ အလွန်အမင်းသေးငယ်၍ ခွဲဝေခြင်းအမျိုးအစားများကို ကြိုတင် ဆုံးဖြတ်ပြီးသား ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးတစ်ဦး၏ ရသုံးမှန်းခြေစာရင်းတစ်ရပ်ကို စစ်ဆေးကြည့်ရာမှာ အခမ်းအနားများဟု ဖော်ပြထားပြီး အမျိုးအစားတစ်ခုစီ၌ သုံးစွဲငွေပမာဏကို ကြိုတင် ဆုံးဖြတ်ထားသည်။ ဤအစီအစဉ်သစ်များ၏ အခြားအဓိပါယ်ဖွင့်ဆိုချက်တစ်ရပ် ဗဟိုချုပ်ကိုင်မှုကိုတိုးချဲ့ခြင်းဖြစ်ပြီး အစိုးရ အာဏာ၏ နောက်ထပ်တရားဝင် အဖွဲ့အစည်းတစ်ရပ်ဖြစ် အောင် ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။ အာဏာလွှဲပြောင်းမှု၏ နောက်ဆုံးနေရာသည် ဆရာများဌာနရမ်း ခြင်းနှင့် ဆိုင်ပေသည်။

မြန်မာနိုင်ငံပညာရေးတွင် အုပ်ချုပ်စီမံခန့်ခွဲမှုအပိုင်း၌ အုပ်ချုပ်မှုအလေ့အထများ မကြာမီက ရွှေ့ပြောင်းမှု အားလုံးသည် မည်သို့ဖြစ်စေ သေးငယ်ပြီး ပညာရေးဝန်ကြီးဌာနတစ်ခုလုံးအနေနှင့် အုပ်ချုပ်ရေး အလေ့အကျင့်များနှင့် ဆက်စပ်၍ နားလည်ပေးကြရပေမည်။ ဤအလေ့အကျင့်များနှင့် ပတ်သက်သော ရှုထောင့်အမြင်အများအပြားရှိပြီး မရှင်းလင်းဘဲရှိနေသေးသော ဝန်ကြီးဌာန အတွင်းရှိ အဖွဲ့အစည်းဆိုင်ရာ စီစဉ်နေရာချထားသူများ ဖြစ်သည်။ အုပ်ချုပ်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့သည် ပညာရေး ဝန်ကြီးဌာနများမှ မြို့နယ်များသို့ ဆင်းသက်ပြီး အပေါ်သို့ပြန် သွားသော သွင်းအားစုမရှိပေ။ သို့သော် တွေ့ဆုံမေးမြန်း ခံရသောသူတစ်ချို့က သူတို့အနေဖြင့် အထက်အုပ်ချုပ်ရေးအဆင့်များသို့ အကြံဉာဏ် ပေးနိုင်ပြီး မေတ္တာရပ်ခံ ချက်များလည်း ပြုလုပ်နိုင်သည်ဟု အလေးအနက်ဖော်ပြကြသည်။ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ သူ့အထက် ဘယ်လောက်သြဇာရှိသော အဆင့်ကို ပြုလုပ်ဖူးပါသလဲဟု မေးသောအခါ ပြည်နယ်အဆင့်အရာရှိတစ်ဦးက ပြန်ပြောပုံမှာ - " သူတို့ (အဆင့်မြင့်အာဏာရှိသူများကို ဆိုလိုသည်) ကျွန်တော်ပြောသမျှကို နားထောင်ပါတယ်။ တကယ်တော့ နားထောင်နေတာမဟုတ်သော်လည်း နားထောင်ပါတယ်" ဟုဆိုပါသည်။ ဤတွေ့ဆုံမေးမြန်းမှုနှင့် အခြားနေရာများတွင်ပါ ပြည်နယ် ဒေသကြီး (သို့) အောက်အဆင့်အရာရှိများမှာ စီမံကိန်း(သို့) လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သြဇာညောင်းထားချိန်မှာ မည်သည့် ခိုင်မာသော နမူနာအချက်အလက်များကိုမျှ အစ်ထုတ်၍ ရနိုင်ရန်မဖြစ်နိုင်ပါ။

အုပ်ချုပ်စီမံရေးအလေ့အကျင့်များသည်လည်း ရန်ကုန်နှင့် မွန်ပြည်နယ်တို့အကြားကွဲပြားပုံရသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် သူတို့၏ လုပ်ပိုင်ခွင့်များနှင့် တန်ခိုးအာဏာများကို မတူကွဲပြားစွာ နားလည်ပုံရသည်။ ဥပမာ- ရန်ကုန်မြို့က ကျောင်းအုပ်ဆရာမကြီးတစ်ဦးက သူမအနေနှင့် မည်သည့် အထူးအစီအစဉ်ကိုမျှ သဘောတူခွင့်ပြုနိုင်စွမ်းမရှိပါဟု ပြောသည်။ သူမသည် အားကစားအစီအစဉ် တစ်ရပ်လုပ်လိုခဲ့သော်လည်း ခွင့်ပြုချက်မရ၍ မလုပ်နိုင်ခဲ့ပါ ဟုဆိုသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာအတွင်း၌ ဤပြောင်းလဲမှုများသည် အုပ်ချုပ်ရေးဆိုင်ရာ ယဉ်ကျေးမှုဓလေ့စရိုက်၊ လူပုဂ္ဂိုလ်ဆက်သွယ်မှုများ (သို့)အာဏာဆက်ဆံရေးတို့၌ မတူကွဲပြားမှုများကို ထင်ဟပ်စေနိုင်ပါသည်။

အထက်မှာ ဖော်ပြခဲ့သကဲ့သို့ ပညာရေးဝန်ကြီးဌာနသည် မိမိ၏ အုပ်ချုပ်ရေးအဆောက်အအုံတွင် အဆင့်သစ်တစ်ခုကို တရားဝင်ဖြစ်အောင် ဖွဲ့စည်းပေးခဲ့သည်။ ခရိုင်အဆင့်အုပ်ချုပ်ရေးကို တစ်ပြည်လုံးတွင် တည်ထောင်ခဲ့သည်။ အကြောင်းပြချက်ကတော့ ယခင်ပညာရေးဌာနတွင်မရှိခဲ့သော ဤအုပ်ချုပ်ရေး အဆင့်ကို တီထွင်ဖန်တီးလိုက်ခြင်းသည် ဤဝန်ကြီးဌာနအား ဤအဆင့်လောက်ရှိထားပြီးသော အခြားဝန် ကြီးဌာနများအားလုံးနှင့် တစ်ပြေးညီဖြစ်သွားစေပေလိမ့်မည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် ပြည်နယ်၊ ဒေသကြီးနှင့် မြို့နယ်တို့အကြား၊ အလယ်ကြား အဆင့်မရှိဘဲ ဖြစ်နေမှုတွင် ချွင်းချက်ဖြစ်နေခဲ့သည်။ အသစ်ခန့်အပ်သော ခရိုင်အရာရှိနှင့် ဆွေးနွေး ပြောဆိုသောအခါ ခရိုင်ရုံးများသာလျှင် ပညာရေးနှင့်ဆိုင်သော စာရင်းအင်း အချက်အလက်များ အားလုံး ပေါင်းစည်းသည်ကို ညွှန်ပြကြသည်။ ဤကဲ့သို့သော အခန်းကဏ္ဍတစ်ရပ်သည် သာမန်အားဖြင့် ဝန်ကြီးဌာနအားလုံးကို တိုးချဲ့ခြင်းအစား အုပ်ချုပ်အဆင့်သစ်က အာဏာကိုပြန့်ကျဲသွားအောင် လုပ်ရာရောက် သည့် အတိုင်းအတာပမာဏကို သံသယရှိစေသည်။

ခရိုင်အရာရှိများ၏ တာဝန်များနှင့် ဝတ္တရားများသည် လုံးလုံးရှင်းလင်းမှုမရှိပေ။ ရန်ကုန်တိုင်းဒေသကြီးရုံးသည် မွန်ပြည်နယ်မှာထက် အများကြီး ပိုပြီးအရှိန်ကောင်းကောင်းနှင့် တာဝန်ထမ်း ဆောင်နေပုံရသည်။ မွန်ပြည်နယ်တွင် ယာယီရုံးတစ်ရုံးသာရှိသော်လည်း

ဝန်ထမ်းအဖွဲ့မှုကား အပြည့်အစုံရှိသည်။ ရန်ကုန်က ခရိုင်အရာရှိရော မွန်ပြည်နယ်က ခရိုင်အရာရှိပါ ရသုံးမှန်းခြေငွေ တွက်ချက်မှုနှင့် အစီအစဉ်ရေးဆွဲမှုနှင့် ပတ်သက်၍ အခွင့်အာဏာ မရှိခဲ့ကြပါ။ သို့သော်လည်း သူတို့မှာ တကယ်ရှိခဲ့သော အခွင့်အာဏာ တစ်ရပ်မှာ မိမိတို့ခရိုင်အတွင်းဆရာများကို လိုအပ်သလိုရွှေ့ ပြောင်းနိုင် ခွင့်ဖြစ်ပါသည်။

ပြောင်းလဲမှုဟုယူဆရသော အလားတူ အခြားနေရာတစ်ခုမှာ စာသင်သားထောက်ပံ့ကြေးနှင့် ငွေသားလွှဲပြောင်းမှုများ ဖြစ်သည်။ ဗဟိုအဆင့်တွင် အစိုးရက ကျောင်းသားအရေအတွက်တိုးပွားစေရန် စီမံချက်နှစ်ရပ်ကို အကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံရှိ မူလတန်း (သို့) အခြေခံအဆင့်ကျောင်းများသို့ သွားရောက်နိုင်သော ကျောင်းသားအရေအတွက်ကို တိုးပွားစေရန်ဖြစ်ပါသည်။[46] ပထမ အစီအစဉ်အနေနှင့် ကျောင်းတွင် စာရင်းသွင်းသော ကလေးတစ်ယောက်အတွက် မိဘများအား ငွေ ၁၀၀၀ ကျပ်ပေးရန်ဖြစ်သည်။ ဒုတိယ ဆင်းရဲသောကလေးများအား သူတို့ ကျောင်းတက်ရောက်ခြင်းကို ပြန်လည် အသိအမှတ်ပြုသော အနေဖြင့် သင့်တင့်ရုံမျှသော ထောက်ပံ့ကြေးများကိုပေးရန် ဖြစ်သည်။ ဤအစီအစဉ်များ၏ ရည်မှန်းချက်များသည် နှစ်သက်လိုလားဖွယ်ရာဖြစ်သော်လည်း လက်တွေ့တွင် တချို့ဖြေကြား သူတို့ ဝေဖန်ပြစ်တင်ကြသော အချက်များ ရှိသည်။ ဥပမာ- ငွေ ၁၀၀၀ ကျပ်ပေးခြင်းသည် အစီအစဉ်နှင့် ပတ်သက်၍ တိုက်ရိုက်ဆုံးဖြတ်ချက်ချမှတ်သည့် အခွင့်အာဏာ မရှိကြသော ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းဆရာ၊ ဆရာမများအတွက် လုပ်ငန်းတာဝန်သစ်များကို ဖန်တီးဖြစ်ပေါ်စေသည်။ ငွေ ၁၀၀၀ ကျပ်သည် ၁ ဒေါ်လာခန့်နှင့် ညီမျှပြီး ၎င်းသည် မိဘများအား မက်လုံးပေးရာ မရောက်ဟု ချေပပြော ဆိုကြသည်။ အမှန်အားဖြင့် ကျောင်းအုပ်ကြီးအချို့က တချို့မိဘများအဖို့ ထိုငွေကြေးအား ရယူသိမ်းဆည်းရေးသည် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်ပြီး အချိန်လမ်း စရိတ်တို့နှင့် မကာမိသည်ကို တွေ့ရှိရကြောင်း အစီရင်ခံကြသည်။ အဆင့်မြင့်အရာရှိတစ်ဦးက မြန်မာစကားပုံတစ်ခုကို ကိုးကား၍ ၎င်းအစီအစဉ်အား "ဆင့်ပါးစပ် နှမ်းပက်" ဟုပြောဆိုခဲ့သည်။

အလားတူစွာပင် ၎င်းအသင်းသားထောက်ပံ့ကြေးကြောင့် အောက်အဆင့် အုပ်ချုပ်ရေးအရာရှိများ အားလုံးလိုလို ချင့်ချိန်ဆုံးဖြတ်နိုင်ခွင့် အာဏာနှင့် တာဝန်တစ်စုံတစ်ရာ မပါရှိဘဲ အလုပ်နှင့် တာဝန်ကိုသာ ပိုစေခဲ့သည်။ မြို့နယ်ပညာရေးအရာရှိများသည် ရွေးချယ်ရေးအတွက် စံသတ်မှတ်ချက်များ ပြုလုပ်ရန် ကော်မတီတစ်ရပ်ဖွဲ့ဖို့လိုအပ်လေသည်။ ၎င်းကော်မတီသည် တဖန်သဘောတူထားသော စံသတ် မှတ်ချက်များအပေါ် အခြေခံ၍ ကျောင်းသားများကို ရွေးချယ်ရပြန်သည်။ မွန်ပြည်နယ်တွင် လုပ်ထုံးလုပ်နည်းကို အဓိကထား၍ ဆုံးဖြတ်ချက်အရ ကျောင်းသား ၄ ယောက်အတွက်သာ ငွေကြေးရှိသည်။ မြို့နယ်ပညာရေးအရာရှိက ဤကျောင်းသား ၄ ယောက်အတွက်သာ ထိုငွေကို အသုံးပြုရန်လိုသည်ဟု ကျွန်တော်တို့ကို ပြောပြသည်။ ဥပမာ- သူမအနေဖြင့် ပိုမိုများပြားသော ကျောင်းသားများကို ကူညီထောက်ပံ့ရန်အတွက် ထိုငွေကို ခွဲခြမ်းနိုင်ခြင်းမရှိသလို ထိုငွေကို အခြားနည်းများဖြင့်လည်း သုံးခွင့်မရှိ။ ဥပမာ- ကျောင်းသားများပိုပြီး ကျောင်းသို့လာအောင် ကျောင်းဘတ်စ်ကား ထောင်ပေးခြင်းမျိုးမလုပ်နိုင်။ ထို့ပြင် ပိုပြီးကျောင်းသားများကို ကူညီထောက်ပံ့ ပေးနိုင်အောင် မိမိတို့အရည်အချင်းကို တိုးချဲ့ပြီး ပြင်ပမှ ရန်ပုံငွေများ ရှာဖွေစုဆောင်းရန် ဤကော်မတီတွင် ခွင့်ပြုချက်မရှိပေ။ ဖြေကြားသူ အများအပြားက အထူးအစီအစဉ်များ လေ့ကျင့်သင်ကြားမှုများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ဆင်းရဲသားကျောင်းသားများကို ပို၍ ထောက်ပံ့နိုင်ရန် ဒေသတွင်း အလှူရှင်များထံမှ ရန်ပုံငွေရှာဖွေခွင့် ရှိချင်ကြသည်ဟု ပြောကြသည်။

ပြောင်းလဲမှု၏ နောက်ဆုံးနေရာတစ်ခုကား ဆရာများ ငှားရမ်းခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ အစိုးရတွင် လက်ထောက်အလယ်တန်းပြ ဆရာသစ် ၁၀၀၀၀ ငှားရမ်းရန် စီမံကိန်း တစ်ရပ်ရှိသည်။ ထိုစီမံကိန်းသည် ပြည်နယ်နှင့် ဒေသကြီးအဆင့်အရာရှိများ၏ တာဝန် ဖြစ်ပုံရသည်။ သို့သော် ဤအချက်ကို ရှင်းလင်းဖော်ပြထားခြင်းမရှိပါ။ ဤဆရာ၊ ဆရာမများသည် အခြားသော ဆရာ ဆရာမများ အားလုံးတွင်ရှိထားသော အစိုးရအမိန့်နှင့်ဆောင်ရွက်သော သင်တန်းနှင့် အသိအမှတ်ပြု လက်မှတ်ရရှိအောင် လုပ်ဆောင်လိမ့်မည်မဟုတ်။ ဗဟို၌ စုနေသော တာဝန်ကို ပြန့်ကျဲသွားအောင် ဤလုပ်ဆောင်ချက်အား အဓိပါယ်ဖွင့်ဆိုရန်နည်းလမ်းတစ်ရပ်မှာ အုပ်ချုပ်ရေးအောက် အဆင့်များအား ပိုမို အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများကို ငှားရမ်းရန် အခွင့်အာဏာ ပေးမထားခြင်းဖြစ်ပါသည်။ ပြည်နယ်အရာရှိများတွင် သူတို့ကို သင်တန်းပေးရန် အာဏာမရှိပါ။ ထိုလုပ်ငန်းကို ဗဟိုအစိုးရက ယူနီဆက်နှင့် တွဲဖက်၍ တာဝန်ခံ ဆောင်ရွက်ပါလိမ့်မည်။ ပြည်နယ်အဆင့် အရာရှိများတွင် ဤ ဆရာဆရာမများအား အလုပ်ဖြုတ်ပယ်နိုင်ခွင့် ရှိသလော ဆိုသော အချက်ကလည်း တိကျရှင်းလင်းမှု မရှိပါ။

[46] မွန်ပြည်နယ်နှင့် ရန်ကုန် မှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံမေးမြန်းခြင်း၊

အခြားဆရာဆရာမအားလုံးအား ငှားရမ်းခြင်းနှင့် ဖြုတ်ပစ်ခြင်းသည် ဗဟိုချုပ်ကိုင်မှုနှင့် တည်ဆဲလုပ်နည်းလုပ်ဟန်များအတိုင်း လိုက်ရေး ဖြစ်သည်။ သုတေသနဆောင်ရွက်သူများအနေဖြင့် ဆရာ ဆရာမများ ငှားရမ်းခြင်းနှင့် ဖြုတ်ပစ်ခြင်းနှင့် ပတ်သက်သော ပြဿနာများသည် ဤလုပ်ငန်းစဉ်အပေါ် ပိုမိုထိန်းချုပ်ရေးအတွက် လိုလား ဆန္ဒရှိမှုနှင့် ပတ်သက်၍ ကျောင်းအုပ်ကြီးများထံမှ တုံ့ပြန်မှုများရရှိအောင်ကြိုးစားပြီး သတင်းရယူကောင်းရယူနိုင်ပါသည်။ ဤအချက်သည် အရေးကြီးသော ကိစ္စရပ်ကား မဟုတ်ပါ။ မျှော်လင့်ထားသည့် မလုပ်ဆောင်သည့် ခက်ခဲသော ဆရာတစ်ယောက်ယောက်နှင့်တွေ့လျှင် ဘာလုပ်မလဲဟုမေးသောအခါ ကျောင်းအုပ်ကြီးများ အားလုံးပင် မိမိတို့ ဆရာများနှင့် ပတ်သက်၍ ရင်းနှီးသောဆက်ဆံရေးကို အလေးအနက်ပြုကြပြီး မှားယွင်းချွတ်ချော်နေသူ တစ်ဦးကို ပြောင်းလဲအောင်ဘယ်လို အားပေးလိမ့်မယ်ဆိုခြင်းကို ဖော်ပြပြောဆိုကြသည်။ ဆိုပါစို့ ဖြုတ်ပစ်ခံရသော ဆရာတစ်ဦး၏ ဖြစ်ရပ်တွင် ကျောင်းအုပ်ကြီးသည် နောက်ထပ်ဆက်လက် အရေးယူရေး အတွက် အထက်အဆင့်သို့ မေတ္တာရပ်ခံ ချက်တင်သွင်းလိမ့်မည်။[47]

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပတ်သက်၍ ပညာသင်ထောက်ပံကြေးကိစ္စတွင် အောက်အဆင့်ဘက်က လူများသည် ဆုံးဖြတ်ချက်ချမှတ်နိုင်သော အခွင့်အာဏာ ပိုမိုတိုးပွားလာခြင်းကို ကြိုဆိုကြလိမ့်မည်ဟု ထင်မြင်ယူဆပုံရသည်။ ဤနားလည် သဘောပေါက်မှု၌ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၏ အကျိုးကျေးဇူး တစ်ရပ်မှာ အုပ်ချုပ်ရေးတွင် ရာထူးအဆင့်နိမ့်သော ဘက်မှလူများသည် ပို၍များပြားသော တာဝန် များကိုယူခြင်း၊ လိုသလိုခြင့်ချိန်ဆုံးဖြတ်နိုင်သည့် အာဏာပိုရှိခြင်းတို့၏ အကျိုးကျေးဇူးများကို တွေ့မြင် ကြသည်။ ဗဟိုချုပ်ကိုင်မှုအာဏာ လျှော့ချခြင်းမပြုမီ သူတို့မှာ တာဝန်များရှိသည်။ သို့သော် လုပ်ငန်းအလိုက် ရသုံးမှန်းခြေ ငွေစာရင်းရေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အပေါ်မှ ချမှတ်သော မူဝါဒများအပေါ် သြဇာပေးနိုင်မှုစွမ်းရည်တို့ကို ကန့်သတ်ထားသည်။ တွေ့ဆုံမေးမြန်းခြင်းများတွင် ပြန်ပြောသူများက ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ယေဘုယျစကားအဖြစ်နှင့် မဟုတ်ဘဲ လက်တွေ့အကောင်အထည် ရှိရှိဖြစ်ဖို့ပြောကြသည်။ ပညာရေးဝန်ကြီးဌာနတွင် မိမိတို့ပါဝင်သော အခန်းကဏ္ဍ(သို့) အုပ်ချုပ်စီမံမှုဆိုင်ရာ လုပ်ငန်းစဉ်များအား အခြေခံကျကျ ပြန်လည်တန်ဖိုးဖြတ် ရေးဆိုသောနည်းဖြင့် ပြောဆိုသူမရှိ။ ထိုအစားလူအများက သီးခြား အသေးစိတ်အချက်များနှင့် ဆက်နွယ်၍ လိုသလို ချင့်ချိန်ဆုံးဖြတ် ဆောင်ရွက်နိုင်သော အာဏာကို ပို၍လိုချင်ကြောင်းကိုသာ ပြောကြားကြသည်။ တစ်ချိန်တည်းတွင် အခြားကိစ္စများ၌ သူတို့လုပ်ပိုင်ခွင့်အာဏာ ပိုမို၍ တာဝန်ခံရယူရန်လည်း စိတ်အားထက်သန်မှု မရှိကြပါ။ သူတို့တောင်းဆိုသော အချက်များနှင့် တောင်းဆိုခြင်းမပြုသော အချက်များသည် သူတို့လိုချင်သော အခန်းကဏ္ဍများအပေါ် သူတို့ နားလည်သဘောပေါက်မှုရှိသည် ဆိုသောအချက် ထင်ဟပ်လျက်ရှိပါသည်။ အခြားတစ်နည်းပြောရလျှင် ဖြေကြားသူအများအပြားအတွက် လုပ်ပိုင်ခွင့် အာဏာ တစ်ချို့ အမျိုးအစားများကို တောင်းဆိုခြင်းသည် ပညာရေးကို ရရှိစေရေးအတွက် ဖြစ်နိုင်သည်။ (သို့) လိုလားအပ်သည်ဟု သူတို့ ယူဆထားချက်ထက် ကျော်လွန်သွားမည့်ပုံ ရှိသည်။ လူအများအပြားတို့သည် မိမိတို့ပါဝင်သော အခန်းကဏ္ဍကို ဆင်းရဲသော ကျောင်းသားများအား ကူညီထောက်ပံ့ပေးခြင်းကဲ့သို့သော လူမှုသက်သာ ချောင်ချိရေးလုပ်ငန်းကို ပေးနေခြင်းအဖြစ် ကြည့်မြင်ပုံရသည်။ လူအများက အသုံးဝင်သော အနေနှင့် ကြည့်မြင်သော လုပ်ပိုင်ခွင့်အာဏာတစ်မျိုးကား မြို့နယ်အဆင့် အရာရှိများနှင့် ကျောင်းအုပ် ဆရာကြီးများ အတွက် ပြင်ပ ကူညီပေးသည့် ငွေကြေးရှာဖွေနိုင်ခြင်း ဖြစ်ပါလိမ့်မည်။ တွေ့ဆုံ မေးမြန်းခြင်းခံရသူတို့သည် ပညာရေးဝန်ကြီးဌာနရှိ အထက်အဆင့်များ၌ အပြောင်းအလဲများ ဖြစ်ပေါ်စေ ချင်ကြခြင်းထက် အုပ်ချုပ်ရေး၏ အောက်အဆင့်များ၌ အချိန်မီ ဖြစ်လာနိုင်ရေးအပေါ်တွင် အထူးအလေးအနက် အာရုံစိုက် ပြောဆိုခဲ့ကြပါသည်။

စဉ်းစားသုံးသပ်ရမည့် နောက်ဆုံးအချက်တစ်ရပ်မှာ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ ပညာရေးစနစ် ဖြစ်ပါသည်။ ဤလေ့လာမှုအရ စစ်ဆေးထားသော နမူနာမှာ မွန်တို့၏ ပညာရေး စနစ်ဖြစ်ပါသည်။ ဆွေးနွေးခဲ့ပြီးသကဲ့သို့ပင် မြန်မာပြည်တွင် တစ်ခုတည်းသော ပညာရေးစနစ်မရှိပါ။ ပညာရေးဝန်ကြီးဌာနသည် တစ်ခုတည်းသော ပညာရေးကိုထောက်ကူ ပံ့ပိုးပေးနေသူမဟုတ်။ မွန်အမျိုး သားပညာရေးစနစ်က ပညာရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာ၏ နမူနာတချို့ကို ဖော်ပြပါသည်။ ဤကဲ့သို့သော

[47] အလုပ်ထုတ်ပယ်မှုဖြစ်စဉ်မှာ အချိန်များစွာ ယူရသည်တော့ မဟုတ်ပေ။ Irrawaddy သတင်းဌာန၏ မကြာသေးမီက သတင်းတစ်ပုဒ်တွင် ကျောင်းဆရာမတစ်ဦးသည် ၈၈၈၈ အထိမ်းအမှတ်ပွဲ တက်ရောက်ပြီးနောက် အလုပ်ထုတ်ပယ် ခံရကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ Lewi Weng, "Sacking of Naypyidaw School teacher Draws Condemnation," *Irrawaddy*. August 26 2013, http://www.irrawaddy.org/reform/sacking-of-naypyidaw-schoolteacher-draws-condemnation.html တွင်ကြည့်ပါ။

အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများ၏ ပညာရေးစနစ်သည် တရားဝင် အမျိုးသားရေးဆိုင်ရာစနစ်နှင့် လိုက်လျောမှုတစ်ရပ်သို့ ရောက်ရှိခဲ့သည်။ မွန်အမျိုးသား ပညာရေးကော်မတီသည် မွန်ပြည်သစ်ပါတီမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ယခင်က မွန်ပြည်သစ် တပ်မတော် ထိန်းချုပ်ခဲ့ရာနယ်မြေဒေသများ၌ တစ်ဦးတည်း မဟုတ်သော်လည်း အများအားဖြင့် လုပ်ကိုင်လျက်ရှိပါသည်။ မွန်အမျိုးသား ပညာရေးကော်မတီက ပုံစံအမျိုးမျိုးဖြင့် ပညာရေးကို ပံ့ပိုးလျက်ရှိရာတွင် စာသင်ကျောင်းများမှာ မကြာခဏ ဘုန်းတော်ကြီးကျောင်းများဖြစ်တတ်ပြီး ထိုမှ မွန်ဘာသာ သင်ကြားရေးနှင့် အစိုးရဦးစီးသော စာသင်ကျောင်းများတွင် သမိုင်းဘာသာ သင်တန်းများထိ သူတို့သည် လုံးလုံးလျားလျား မိမိတို့ဘာသာ လုပ်ကိုင်ကြပြီး တရားဂင်မဟုတ်သော အစီအစဉ်များမှတစ်ဆင့် ဖြစ်အောင်လုပ်ခဲ့ကြသည်။ အပြည့်အဝ လည်ပတ်လုပ်ကိုင်လျက်ရှိသော ကျောင်းများနှင့် မွန်ဘာသာစကားနှင့် သမိုင်းဘာသာ သင်ကြားရေး အပါအဝင် မွန်အထူးသီးသန့် အစီအစဉ်များကို အစိုးရမဟုတ်သော ဌာနများမှတဆင့် ငွေကြေး ထောက်ပံ့ထားကြသည်။ မွန်အမျိုးသား စာသင်ကျောင်းစနစ်ဆိုသည်မှာ မြန်မာဘာသာအစား မွန်ဘာသာစကားဖြင့် သင်ကြားခြင်းကို ခွင့်ပြုထားခြင်းဖြစ်ရုံမက ဒေသဆိုင်ရာ ဘာသာစကားနှင့် ဒေသဆိုင်ရာ အကြောင်းအရာတို့ကို သင်ကြားခွင့်ပြုထားခြင်းဖြစ်သည်။ သို့သော် မွန်အမျိုးသား ပညာရေးစနစ်ဖြင့် အောင်မြင်သော ကျောင်းသားများကို သဘောတရားအရ အစိုးရစနစ်ထဲသို့ လွှဲပြောင်းဝင်ရောက်ပြီး အစိုးရတက္ကသိုလ်ဝင်တန်းစာမေးပွဲများကို ဝင်ရောက်ဖြေ ဆိုခွင့်ပြုသည်။ ဤသို့ဖြင့် ယင်းစနစ်သည် လူမျိုးစုအရေးလိုအပ်ချက်ကို နစ်သိမ့် ကျေနပ်စေမှုနှင့် တစ်ချိန်တည်းတွင် တစ်စုတစ်ပေါင်းတည်းသော နိုင်ငံတစ်ခုအဖြစ် တိုးမြှင့်ပေးရေး နှစ်ခုစလုံးကို ရရှိစေသည်။

မွန်အမျိုးသားပညာရေးကော်မတီနှင့် သူတို့၏စနစ်သည် တိတိကျကျပြောရလျှင် တရားဥပဒေနှင့် ကိုက်ညီမှုမရှိပေ။ မြန်မာ့ဥပဒေသည် စံတော်ဝင်သင်ရိုးညွှန်းတမ်းမှ မည်သည့်သွေဖယ်ခွဲထွက်ခြင်းကိုမျှ ခွင့်ပြုခြင်းမရှိသကဲ့သို့ ခွင့်ပြုထားသော မြန်မာဘာသာအစား ကြားခံဆက်သွယ်ရေး ဘာသာ စကားတစ်ခုခုဖြင့် သင်ကြားခြင်းကိုလည်း ခွင့်မပြုပေ။ ယင်းစနစ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အဖြစ် တည်ရှိနေခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အစိုးရဦးစီးသော စာသင်ကျောင်းများက လိုက်လျောခြင်းနှင့် မွန်အကြောင်းအရာ အစီအစဉ်များအား ခွင့်ပြုခြင်းများမှာ စံတစ်ရပ် သို့မဟုတ် စနစ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နေခြင်း မဟုတ်ပေ။ ဒေသဆိုင်ရာ အရေးကိစ္စတစ်ရပ်သာဖြစ်ပြီး အထူးကိစ္စတစ်ရပ် အနေဖြင့် တရားမဝင် အစီအစဉ်များသာ ဖြစ်သည်။ မွန်အမျိုးသားပညာရေးစနစ် တာဝန်ထမ်းဆောင်ပြီး လူထုထောက်ခံမှု ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းများ၏ ထောက်ခံမှုရရှိသည့် အတိုင်းအတာ ပမာဏလောက်ပင် ၎င်းသည် ဒေသဆိုင်ရာလွတ်လပ်စွာ လုပ်ပိုင်ခွင့် ပိုမိုအဆင့်မြင့် လာခြင်းနှင့် လူနည်းစု လူမျိုးအုပ်စုနှင့် အစပြုသော ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ဆုံးဖြတ်ချက် ချမှတ်နိုင်ခွင့် အာဏာကို အောက်အဆင့်များသို့လျှော့ချခွဲဝေပေးမှုအတွက် အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။ ဤစနစ်သည် ကိုယ်ပိုင်လွတ်လပ်ခွင့်၏ မြင့်မားသော အဆင့်တစ်ရပ်ကို ရရှိခဲ့နှင့်ပြီး ဖြစ်သည်။ ဥပမာအနေဖြင့် သင်ရိုးညွှန်းတမ်း၊ ရန်ပုံငွေကောက်ခံစုဆောင်းခြင်းနှင့် ဆရာများ ငှားရမ်းခြင်းတို့တွင် လွတ်လပ်စွာ လုပ်ကိုင်နိုင်ခဲ့ပြီဖြစ်ပါသည်။ သို့တိုင်အောင် ယင်းလုပ်ဆောင်ချက်များကို အစိုးရ စနစ်က အပြည့်အဝ (သို့) ဥပဒေနှင့် အညီ အသိအမှတ်ပြုမှုကား မရှိသေးပေ။

### (၄) သုတေသနလုပ်ငန်း၏ အကျိုးသက်ရောက်မှု

အောက်ဖော်ပြပါ ကဏ္ဍက ပထမဆုံးအနေဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်များက လက်ရှိမူ ဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများအား မည်သို့သက်ရောက်စေပုံကို နားလည် သောကြည့်မြင်မှုဖြင့် ပညာရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုကို စဉ်းစားမှတ်ယူပါသည်။ အောက်ပါကဏ္ဍက စိန်ခေါ်မှုများနှင့် မျှော်လင့်ချက်အလားအလာများနှင့် ပတ်သက်၍ ပြင်ပရန်ပုံငွေရှာဖွေမှုကို တိုးပွား များပြားလာခဲ့လျှင် ပညာရေးစနစ်အတွက် အန္တရာယ်များအပြင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် ထပ်မံကြိုးပမ်းအားထုတ်မှုများ ရင်ဆိုင်လာရနိုင်သည့် အလားအလာရှိသော ပြဿနာအချို့ကို ညွှန်ပြလျက် ရှိသည်။ ပြုပြင်ရေးနှင့် နိုင်ငံရေးပြောင်းလဲမှုက အမြဲတမ်းပင် ထိုအပြောင်းအလဲများနှင့် ဆန့်ကျင်၍ ကသောင်းကနင်းဖြစ်မှုနှင့် တန်ပြန်ရိုက်ခတ်မှု အန္တရာယ်ကို သယ်ဆောင် လာတတ်သည်။ ဤစာတမ်း၏ ရည်ရွယ်ချက်သည် မူဝါဒ ထောက်ခံ အကြံပေးမှုများကို ပြုလုပ်ရန် မဟုတ်သည့်တိုင်အောင် စာရေးသူများအနေနှင့် လုံလောက်သော ထောက်ပံ့ငွေကြေးနှင့် လမ်းညွှန်မှုများနှင့်အတူ နိုင်ငံတစ်ဝှမ်းလုံး၌ တရားမျှတသော ဝန်ဆောင်မှုကို တိုးမြှင့်ပေးဝေရရှိစေမည့် မူဝါဒများက အောက်တွင်ဆွေးနွေးထားသော အန္တရာယ်များအနက် အများအပြားကို လျော့ပါး သက်သာစေမည့် အလားအလာရှိသည်ဆိုသော အချက်ကို အလေးအနက် အကြံပြုပါသည်။

### ၄။ (၁) မြန်မာနိုင်ငံ ပညာရေး ပြဌာန်းပေးမှု၏ အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှု

မြန်မာအစိုးရက ဥပမာအားဖြင့် ညီညွတ်သဟဇာတဖြစ်သော အမျိုးသား ပညာရေးမူဝါဒ (သို့) ပညာရေးပြုပြင်မှုမူဝါဒ တစ်ရပ်မှ တစ်ဆင့် ပညာရေးစနစ်၏ ရည်မှန်းချက်ပန်းတိုင်များ (သို့) လိုလား အပ်သော အကျိုးသက်ရောက်မှုများကို ရှင်းလင်းပီပြင်စွာ မထုတ်ဖော်ရသေးပေ။ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုအား သရုပ်ဖော်ပြချက် (သို့) ပညာရေးကဏ္ဍ၏ သီးခြားဓလေ့ စရိုက်အကျင့် လက္ခဏာများအား ဤလေ့လာချက်က မျှဝေယူထားကြသော ယုံကြည်မှုများ၊ တန်ဖိုးများ၊ ရည်မှန်းချက် ပန်းတိုင်များနှင့် ပညာရေးဝန်ကြီးဌာနအတွင်း၌ အလုပ်လုပ်ကိုင်နေကြသော သူများ၏ ဦးစားပေးမှုများအား ထွင်းဖောက်မြင်နိုင်စွမ်း အချို့ကို ရရှိစေသည်။

တွေ့ဆုံမေးမြန်းခံရသူတို့သည် သူတို့၏လုပ်ငန်းနှင့် တာဝန်များကို အလေးအနက် မှတ်ယူ သဘော ထားခဲ့ကြသည်။ ကလေးသူငယ် များနိုင်သမျှ အများပြားတို့အား ပညာရရှိစေရေးနှင့် ပတ်သက်၍လည်း ရတက်မအေးဖြစ်ခဲ့ကြသည်။ အထက်၌ ဖော်ပြခဲ့ချက်များကို ရည်ညွှန်းလျက် အစိုးရစီမံကိန်းများသည် အောက်ပါအတိုင်း မပီပြင် မသဲကွဲသော စကားအသုံးအနှုန်း များကို မကြာခဏ ထည့်သွင်းဖော်ပြ တတ်သည်။

> ကျွန်ုပ်တို့၏ ရူမြင်ချက်- "ပညာခေတ်၏ စိန်ခေါ်မှုများအား ရင်ဆိုင်နိုင်စွမ်းရှိသော လေ့လာသင်ယူလျက် ရှိသည့် လူ့အဖွဲ့အစည်း တစ်ရပ်ကို မွေးထုတ်ပေးမည့် ပညာရေးစနစ်တစ်ရပ်အား ဖန်တီးတည်ဆောက်ရန်။"
>
> ကျွန်ုပ်တို့၏ ဆောင်ပုဒ်- "ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့- ဟူ၍ ဖြစ်သည်။"[48]

တွေ့ဆုံမေးမြန်းခံရသူတို့သည် ထိုသို့သော ကြွေးကြော်သံများကို ထင်ဟပ်ဖော်ပြကြပြီး နိုင်ငံနှင့်လူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းလမ်းတစ်ရပ်အဖြစ် ပညာရေးကို ပြောဆိုကြသည်။ ကလေးများနှင့် ဆင်းရဲသားမိသားစုများ ပညာရေးကို ထောက်ကူပံ့ပိုးပေးနိုင်ရေးနှင့် ပတ်သက်ပြီး ကျယ်ကျယ် ပြန့်ပြန့်စိုးရိမ် ပူပန်မှုရှိသည်။ လူအများအပြားတို့က နိုင်ငံတိုးတက်ရေးနှင့် ခေတ်မီရေးကို ခြုံငုံ ပြောကြသည်။ သို့သော် စာသင်ကျောင်းစနစ်၊ သင်ရိုးညွှန်းတမ်း (သို့) လက်တွေ့ သင်ကြားပြသနေမှုများအားဖြင့် အဓိပ္ပါယ်ရှိသော အရာတစ်ခုကိုမျှ အကောင်အထည်ရှိရှိ ခိုင်ခိုင်မာမာ ညွှန်ပြနိုင်ခြင်း မရှိကြ။ ကျောင်းအုပ်ဆရာကြီးတစ်ဦးက ယခုကဲ့သို့ပြောကြားခဲ့သည်။

> "ကျောင်းသူ ကျောင်းသားတွေကို ကျွန်တော်တို့ မြေတောင်မြှောက်ပေးနေကြတယ်။ အဲဒီတော့ သူတို့ ကြိုးစားကြရလိမ့်မယ်။ သူတို့ဟာ မြန်မာလူမျိုးတွေ ဆိုတာကို သိထားကြရမယ်၊ သူတို့ဟာ မိမိတို့ တိုင်းပြည်ကို သစ္စာမဖောက်ရဘူး။ သူတို့ဟာ မိမိတို့တိုင်းပြည်ကို ချစ်ကြရမယ်။ အဲဒါဟာ ကျွန်တော်တို့ ကျောင်းသူကျောင်းသားတွေကို ပြုစုပျိုးထောင်ပေးနေတဲ့နည်းပဲ။"

အနာဂတ်အတွက် မျှော်လင့်ချက်များနှင့် ပတ်သက်၍ မေးသောအခါ တုံ့ပြန်ပြောကြားချက်များမှာ မိမိတို့ စာသင်ကျောင်း (သို့) ဒေသတစ်ခုချင်းအတွက် ရူမြင်ချက်ကို ရှင်းလင်းပီပြင်အောင် ဖော်ပြပြောကြားမည့် အစား တိကျသော ကွာဟချက်များနှင့် လိုအပ်ချက်များအား ဖြည့်စွမ်းရေးနှင့် ဝန်ဆောင်မှုများ ပေးရေးအတွက် မျှော်လင့်ချက်များ အကြောင်းကို ခိုင်လုံသော ဝေါဟာရများ ဘက်သို့သာ တိမ်းညွတ်ရောက်ရှိသွားသည်။ သူ၏ ဒေသအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆိုတာ ဘာအဓိပါယ်ရှိနိုင်လဲလို့ မေးတဲ့အခါ ခရိုင်အဆင့် အရာရှိတစ်ဦးက သင်ရိုးညွှန်းတမ်းများထက်ကျော်၍ လှုပ်ရှားဆောင်ရွက်မှုများအတွက် ငွေကြေးကို ပိုမိုလွယ်ကူစွာ ရှာဖွေရရှိနိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်နိုင်သည်ဟု ပြန်လည်ပြောကြားခဲ့သည်။ အခြားတစ်ယောက်ကမူ သူ့အနေနှင့် စာသင်ကျောင်းဆောက်လုပ်ရေးကို ထိန်းချုပ်လိုကြောင်းနှင့် ဆရာများ အား ပထဝီဒေသကိုအလိုက် ဖြန့်ဝေပျံ့နှံ့မှုကိုလည်း ထိန်းသိမ်းအုပ်ချုပ်လိုကြောင်း ပြောကြားခဲ့သည်။ သို့သော် အထူးသဖြင့် သူ့အနေနှင့် သင်ရိုးညွှန်းတမ်း သင်ကြားမှုနှင့်

[48] Government of the Republic of the Union of Myanmar (2012), 1. "ခေတ်မီသော" နှင့် "ဖွံ့ဖြိုးတိုးတက်သော" ဟူသည့် စကားရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုထားမှု မရှိပေ။

သင်ယူလေ့လာမှုအကျိုးတရားများအား အပြောင်းအလဲများလုပ်နိုင်ဖို့ လိုအပ်ချက်ကို မတွေ့မြင်ခဲ့ဟုလည်း သီးသီးခြားခြား ဖော်ပြခဲ့သည်။

လူမှုရေး ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းယဉ်ကျေးမှု၏ အခြားရှုထောင့်မျက်နှာစာတစ်ရပ်မှာ လူပုဂ္ဂိုလ် တစ်ဦးချင်းတို့ အနေဖြင့် သူတို့ကိုယ်သူတို့၊ သူတို့၏ လူမှုပညာအဖွဲ့အစည်းနှင့် အုပ်ချုပ်ရေး၏ လက်တွေ့လုပ်ဆောင်ချက်များကို မည်သို့ ရှုမြင်ကြသည်ဆိုသော အချက်ဖြစ်ပါသည်။ တုံ့ပြန် ပြောကြားသူများသည် သီးခြားပညာရေး ရလဒ်များကို အောင်မြင်ရရှိစေရန် ဖွံ့ဖြိုးရေးမူဝါဒ၏ ဖြစ်နိုင်ချက်ကို သူတို့ဘာသာ ဆွေးနွေးမှုများ မပြုလုပ်ခဲ့ကြပါ။ စောစောက ရှင်းပြခဲ့သကဲ့သို့ ပညာရေးဝန်ကြီးဌာနအတွင်း၌ ပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် အပေါ်မှ အောက်သို့ ဖွဲ့စည်းမှုအရ ကြီးစဥ်ငယ် လိုက်အလုပ်လုပ်ကြသည်။ ဤအချက်သည် သူတို့၏ ဆုံးဖြတ်မှုစွမ်းရည်၊ သူတို့၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်မရှိသော အာဏာ၊ သူတို့တောင်းဆိုနိုင်သော အရာနှင့် မတောင်းဆိုနိုင်သောအရာ၊ ထို့ပြင် အထက်အဆင့်နှင့် အောက်အဆင့် အုပ်ချုပ်ရေးအဆင့်နှစ်ခုစလုံးအား တာဝန်ခံမှုနှင့် တုန့်ပြန်မှုလုပ်ငန်းစဥ်များအား သူတို့ရှုမြင်ပုံကို ထိခိုက်ရိုက်ခတ်စေသည်။ ယင်းစနစ်သည် အောက်ပါ ရှေးထုံးများနှင့် လမ်းညွှန်မှုများ လိုအပ်ပါသည်။ သို့မဟုတ်ပါက ကြီးစွာသောအန္တရာယ်များ ကျရောက်လာတတ်သည်။ ဤ စကားအဆက်အစပ်အရ ပြောရလျှင် ဆရာများနှင့် အုပ်ချုပ်ရေး  အရာရှိများသည် မိမိတို့ကိုယ်တိုင် ပညာရေးအား အဓိပ္ပါယ်ဖွင့်ဆိုနေသူ (သို့) ပုံဖော်နေသူအဖြစ် တာဝန်ရှိသည်ဟု မမြင်ကြခြင်းဖြစ်သည်။ ထိုအစား ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် လိုလားအပ်သော အနေအထားဖြစ်နိုင်ခြေရှိသလော (သို့) တာဝန်ယူနိုင်သလောဆိုသော မေးခွန်းများကို ဖြေဆိုသော လုပ်ငန်းစဥ်ကို အကောင်အထည်ဖော်သူများ အဖြစ်နဲ့သာ ကြည့်မြင်လိုကြတယ်။ သို့ဖြင့် တွေ့ဆုံ မေးမြန်းခံရသူ အများစုတို့ စိုးရိမ်ပူပန်နေကြသော နယ်ပယ်၏ အပြင်ဘက်ကို ကျရောက်ခဲ့ကြသည်။ ပညာရေးအရာရှိတစ်ဦးပြောသလို အချိန်ကြာလာတာနဲ့အမျှ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဟာ သူ့ဘာသာ ဖြစ်လာပါလိမ့်မယ်။ ထိုအချက်က မေးမြန်းခံရသူတို့သည် ဗဟိုအာဏာလျှော့ချရေး လုပ်ငန်းစဥ်အား ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း၏ ကြိုးပမ်းအား ထုတ်မှုများ၏ ငြင်းခုံဖြစ်ပျက်မှု အနေနှင့် ရှုမြင်သည်ဟု ညွှန်ပြနေသည်။ သို့သော် အကောင်အထည်မဲ့ အယူအဆ သဘောတရားတစ်ရပ်အဖြစ်သာဖြစ်သည်။

ဤလူမှုရေးပညာ အဖွဲ့အစည်းများဆိုင်ရာ ယဉ်ကျေးမှုသည် ပညာတတ်ခြင်း၏ အရေးပါပုံနှင့် ဆက်စပ်၍ ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းဆိုင်ရာ အလေးအနက် သဘောထားတစ်ရပ် ထင်ဟပ်လျက်ရှိပြီး ပညာတတ်သော ပြည်သူလူထုဖြစ်လာရန် ကလေးသူငယ်များအတွက် အရေးကြီးကြောင်းလည်း ထင်ဟပ်လျက် ရှိသည်။ သို့သော်လည်း ပညာတတ်သည်ဆိုသော စကားမှာ ဘာကို ဆိုလိုမှန်း ရှင်းလင်းမှု မရှိပါ။ ထို့ကြောင့် ပညာရေး၏ ရည်ရွယ်ချက်သည် ဘာလဲဆိုသည်ကို နားလည်ရန်ခက်ခဲသည်။ ပညာတတ်ခြင်းသည် ဖြစ်ပေါ်ထွန်းကားလာလျှင် အခြားသော အရာအားလုံးသည် နေရာတကျ ဖြစ်သွားလိမ့်မည်ဆိုသော ယူဆချက် တစ်ရပ်ရှိပါသည်။ ဤအချက်နှင့် ဆက်စပ်၍ပြောရလျှင် ဤအခြေအနေကို ပညာရေး အရေးအကြီး ဆုံးပန်းတိုင်သည် ကျောင်းသားများအနေဖြင့် စာသင်ကျောင်းစနစ် အတွင်း၌ ပါဝင်ကြရန် ပင်ဖြစ်သည်ဟု ဖွင့်ဆိုနိုင်ပါသည်။ သို့သော် ထိုပညာရေးသည် ဘာဖြစ်သည်ဆိုသော အချက်ကို အဓိပါယ်သတ်မှတ်ရန်မှာ ဆရာများနှင့် အုပ်ချုပ်ရေးအရာရှိများ၏ အလုပ်ကားမဟုတ်ပေ။ ပညာရေး၏ ရည်မှန်းချက်ပန်းတိုင်များ (သို့) လိုချင်သော အကျိုးသက်ရောက်မှုများ ဘာဆိုသည်ကို သူတို့ပြောရန် မဟုတ်ပေ။

ပညာရေးဝန်ကြီးဌာန၏ လူမှုပညာရေးအဖွဲ့အစည်းဆိုင်ရာ ယဥ်ကျေးမှုဓလေ့ကို ထည့်သွင်း စဥ်းစားလျှင် အနှစ်သာရရှိသော ဗဟိုအာဏာလျှော့ချရေးသည် လူပုဂ္ဂိုလ် တစ်ဦးချင်းတို့အနေဖြင့် ၎င်းတို့ပါဝင်သော အခန်းကဏ္ဍကို ပြန်လည်အကဲဖြတ်ချက်နှင့် အုပ်ချုပ်ရေး၏ လက်တွေ့လုပ်ငန်းများအား ပိုမိုယေဘုယျကျကျ ပြန်လည်အကဲဖြတ်ချက်မပါဘဲ ဖြစ်ပေါ်လာမယ့် အလားအလာရှိပုံ မရပါ။ အနည်းဆုံး တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးက ဤအချက်ကို ကိုယ်တိုင်အသိအမှတ်ပြုပြောဆိုရာမှာ ကျွန်တော်တို့ ကိုယ်တိုင်ကိုနှင့် အထက်က ကျွန်တော်တို့ကို ဘာလုပ်ပါလို့ခိုင်းတဲ့ လူတွေရဲ့ ညွှန်ကြားချက်တွေကို လိုက်နာခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်တတ်တဲ့ ကျွန်တော်တို့ရဲ့ အလေ့အကျင့်တွေကိုပါ ပြောင်းလဲပစ်ဖို့ လိုပါတယ်ဟု ပြောကြားခဲ့သည်။

လက်ရှိစနစ်တွင် ကျောင်းသားများရော ကျောင်းသားမိဘများပါ အပါအဝင် ဒေသခံမဲဆန္ဒနယ် တစ်ခုအား တာဝန်ယူမှု မရှိပါ။ မိဘဆရာ အသင်းများနှင့် မကြာသေးမီက ဖွဲ့စည်းတည်ထောင်ခဲ့သော ကျောင်းစီမံခန့်ခွဲမှု ကော်မတီများမှာ ဒေသအတွင်းက မဲဆန္ဒနယ်များကို ကိုယ်စားပြုခြင်းမရှိပါ။ ထိုအစား သူတို့သည် ကြိုတင်ဆုံးဖြတ်ထားသော လုပ်ငန်းများကို လုပ်ကြရပြီး လူထုမဲဆန္ဒနှင့် ရွေးချယ်ခြင်းမဟုတ်ပဲ ထုံးစံအတိုင်း ခန့်အပ်ခံရခြင်းသာ ဖြစ်သည်။ လူမှုပညာ အဖွဲ့အစည်းဆိုင်ရာ ဓလေ့က ကျောင်းသားများအား

ပညာရေးလုပ်ငန်းစဉ်တွင် တက်ကြွပါဝင်လှုပ်ရှားသူ များဟု မြင်ရမည့်အစား လက်ခံရယူသူအဖြစ်သာ ရှုမြင်ထားသည်။ မည်သို့ဆိုစေ ဗဟိုချုပ်ကိုင်မှု လျှော့ချရာတွင်ဒေသခံ လူ့အဖွဲ့အစည်းများအား တာဝန်ခံမှု ဆွေးနွေးတိုင်ပင်မှုဆိုသော ဒီမိုကရေစီကျင့်သုံးသော ထူးခြားသည့် လက္ခဏာများပါဝင်ပါသည်။ ဆင်းရဲသားကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး၏ နမူနာသည် ပညာရေးဝန်ကြီးဌာန ကိုယ်တိုင်၏ အဆင့် အသီးသီး၌သာမက ဝန်ကြီးဌာနအရာရှိများနှင့် ယင်းလောက သားများအကြားမှာ အလေ့အကျင့် လုပ်ဆောင်ချက်များကို တည်ဆောက်သွားရန် အခွင့်အလမ်းတစ်ရပ် ဖြစ်နိုင်ပါသည်။

## ၄။ (၂) စိန်ခေါ်မှုများနှင့် မျှော်လင့်ချက် အလားအလာများ

အောက်ပါတို့မှာ ဤသုတေသနပြုချက်၏ တွေ့ရှိချက်များအကြား ဆက်သွယ်နေသည့် အချက်များဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပမှ ပညာရေးစနစ်အတွင်း အနာဂတ်ဝင်ရောက်စွက်ဖက်မှုများနှင့် ဂယက်ရိုက်ခတ် နိုင်မှုအလားအလာများ ဖြစ်သည်။

*လက်ရှိအချိန်မှာ ပညာရေးမူဝါဒလိုနေ*

လုပ်ငန်းလုပ်ကိုင်ရာတွင် မတူကွဲပြားသော မူဝါဒဘောင်နှစ်ရပ်ရှိသည်။ ပညာရေးနှစ် သုံးဆယ် စီမံကိန်းနှင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်မှုဘောင်ဖြစ်ပြီး ယင်းတို့ တစ်ခုစီသည် မတူကွဲပြားသော အစိုးရများ လက်အောက်၌ အစပြုခဲ့ကြသည်။ အစိုးရဦးဆောင်သော ကျယ်ပြန့်ပြည့်စုံသည့် ပညာရေး ကဏ္ဍသုံးသပ်ချက် (CESR) သည် လက်ရှိအချိန်၌ ဖြစ်ပေါ်လျက်ရှိပြီး မူဝါဒအသစ်များနှင့် ဦးစား ပေးမှုအသစ်များရှိလာနိုင်သည်။ ၂၀၁၂ တွင်စတင်ခဲ့သော ထိုလုပ်ဆောင်ချက်တွင် အဆင့် ၃ ဆင့် ပါဝင်သည်။ ယင်းတို့မှာ (၁) အလျင်အမြန်သုံးသပ်အကဲဖြတ်ခြင်း (၂) နက်နက်နဲနဲလေ့လာဆန်းစစ်ခြင်းနှင့် (၃) ကုန်ကျထားသော စီမံကိန်းကဏ္ဍ၏ တိုးတက်မှုတို့ဖြစ်သည်။ အလျင်အမြန်သုံးသပ်အကဲဖြတ်မှုကို ၂၀၁၃ ခုနှစ်စောစောပိုင်းမှာတင် ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး သမ္မတဦးသိန်းစိန်က အတည်ပြုခဲ့သည်။ သို့သော် ဤစာရေးသားနေချိန်တွင် အများပြည်သူထံသို့ မရောက်ရှိသေးပေ။ CESR ကြိုးပမ်းမှုကို ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အထူးသဖြင့် ယူနီဆက်နှင့် ယူနက်စကို ဖွံ့ဖြိုးမှု လုပ်ဖော် ကိုင်ဖက်အဖွဲ့များမှ အရေးပါသော ဆောင်ရွက်မှုများ ပါဝင်သည်။ CESR ၏ တရားဝင် လုပ်ပိုင်ခွင့်မှာ ရေရှည်ပညာရေး မူဝါဒတစ်ရပ်အစား ၂ နှစ်နှင့် ၅ နှစ်အကန့် စီမံကိန်းတစ်ရပ် အားဖန်တီးရန်ဖြစ်သည်။[49] ပြုပြင်ရေးလုပ်ငန်းစဉ်ကို စတင်ဖန်တီးရန် ရှင်းလင်းပီပြင်သော မူဝါဒတစ်ရပ်နှင့် တရားဝင် စည်းကမ်းမူဘောင် တစ်ရပ်မရှိဘဲ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကဲ့သို့သော ပြုပြင်ရေးများကို အောင်မြင်အောင် ဆောင်ရွက်ရန် ခက်ခဲပေလိမ့်မည်။

*အခြေခံဥပဒေ ဇယား (၁) ၌ ပညာရေးကဏ္ဍကို အပြည့်အဝ ထည့်သွင်းထားခြင်းက ဗဟိုအာဏာလျှော့ချရေးအပြင် ဒေသအလိုက် တုံ့ပြန်ဆောင်ရွက်မှုနှင့် တာဝန်ခံမှုတို့ကို အဟန့်အတားဖြစ်စေသည်*

ပညာရေးနှင့် ဆက်နွယ်နေသော ဆုံးဖြတ်ချက်များကို ဒေသဆိုင်ရာအားဖြင့်သော်လည်းကောင်း အခြားနည်းဖြင့်သော်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းမရှိသော အာဏာပိုင်များက အဓိက ချမှတ် အကောင်အထည်ဖော်ကြသည်။ ထို့ကြောင့် မည်သည့် အာဏာပိုင်မျှ ပညာရေးဝန်ကြီး ဌာနအတွင်းရှိ အထက် အရာရှိများမှလွဲလျှင်အခြားမည်သူ့ကိုမျှ တာဝန်မခံပါ။ အာဏာပိုင်များအနေဖြင့် ဒေသဆိုင်ရာ အကျိုးစီးပွားကို ကိုယ်စားမပြုပါက ဗဟိုအာဏာ လျှော့ချရုံမျှမက အာဏာကို အောက်ခြေအဆင့်များသို့ ခွဲဝေပေးရေး ဖြစ်နိုင်ခြေများမှာ ပိုမို၍ အကန့်အသတ်များရှိနိုင်သည်။ ဇယား (၁) နှင့် ပတ်သက်သော ကန့်သတ်ချက်များ၏ အကျိုးသက်ရောက်မှုတစ်ရပ်မှာ အကယ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ ပညာရေးတွင်ပါဝင်ပတ်သက်လာရန်အတွက် နောင်နှစ်အနည်းငယ်အကြာမှာ ဖြစ်နိုင်ခဲ့လျှင်တောင်မှ ပညာရေးဝန်ကြီးဌာနအနေဖြင့် သူတို့နှင့်အတူ မည်ကဲ့သို့ အလုပ်လုပ်သွား

[49] CESR နှင့် ပတ်သက်၍ အသေးစိပ်အား Ei Thae Thae Naing, "Education policy in planning stages," *Myanmar Times*, November 18, 2013. http://www.mmtimes.com/index.php/national-news/8816-education-policy-in-planning-stages.html တွင်ကြည့်ပါ။

ရမည်မှာ ရှင်းလင်းမှုမရှိပါ။ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရေးမှာ ပညာရေးဝန်ကြီးဌာန၏ တာဝန်များဖြစ်ပြီး ဝန်ကြီးဌာန အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် ဆက်သွယ်ဆောင်ရွက်ရေးဆိုသည့် အချက်များမရှိပါ။

*ဗဟိုချုပ်ကိုင်မှုအာဏာလျှော့ချရေးက မညီမျှမှုများကို ဖြစ်ပေါ်စေတတ်ပြီး၊ ဂန်ထုပ်ဂန်ပိုး လွှဲပေးခြင်းမျိုးဖြစ်တတ်*

ပညာရေးနှင့်ဆိုင်သောတာဝန်များအား ဗဟိုချုပ်ကိုင်မှုအာဏာ လျှော့ချရေးလုပ်ဆောင်ချက်သည် ပိုမို လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်သော စနစ်များကို ဖန်တီးပေးမည့် အခွင့်အလမ်း တစ်ရပ် ဖြစ်လာမည့်အစား အလုပ်နှင့် ပြဿနာများကို လွှဲပြောင်းပေးခြင်းမျှသာ ဖြစ်ကောင်း ဖြစ်လာနိုင်သည်။ အုပ်ချုပ်ရေးအောက်အဆင့်များသို့ ရန်ပုံငွေရှာဖွေရေးတာဝန်များကို ရွှေပြောင်း ပေးခြင်းသည် လူမျိုးစု ဒေသများအပါအဝင် ဆင်းရဲသော ကျေးလက် လူ့အဖွဲ့အစည်းများအပေါ် ဆိုးကျိုးရိုက်ခတ်လာလေ လိမ့်မည်။ ဤသုတေသနလုပ်ငန်းအတွက် သွားရောက်ခဲ့ကြသော စာသင်ကျောင်း အားလုံးတို့သည် ကိုလိုနီခေတ် အဆောက်အဦးများကို ကောင်းစွာ ထိန်းသိမ်းထားကြသည်။ တစ်ချိန် တည်းတွင် ပိုမိုဆင်းရဲသော ရပ်ရွာလူ့အဖွဲ့အစည်းများတွင် စတင်ပြုလုပ်မည့် စာသင်ကျောင်း အဆောက်အဦးတစ်ခုတစ်လေမျှပင်မရှိပေ။ မတရားမှုများကို တားဆီးရန်အလို့ငှာ နေရာတိုင်းတွင် ကောင်းမွန်သော ပညာရေးအဆင့်အတန်းတစ်ရပ်ကို ရရှိရေးကို ဗဟိုချုပ်ကိုင်မှုအာဏာ လျှော့ချရေး အားတိုးမြှင့်ပေးသည့် ဝင်ရောက်စွက်ဖက်ဆောင်ရွက်မှုများ သေချာအောင် ဆောင်ရွက်ပေးရပေမည်။ နည်းလမ်းတကျ ငွေကြေးထောက်ပံ့မှု၊ ရှင်းလင်းသော စီမံကိန်းရေးဆွဲမှုနှင့် ဘတ်ဂျက်လမ်းညွှန်ချက် များသည် ယင်းလုပ်ငန်း အောင်မြင်ရေးအတွက် ဗဟိုချုပ်ကိုင်မှု အာဏာလျှော့ချရေး အဓိကအချက် ဖြစ်စေရပေမည်။

*အစိုးရမဟုတ်သော အမျိုးသားကျောင်းများသည် လုပ်ပိုင်ခွင့်ပြုခြင်းပုံစံ (Delegation)အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ပေးနိုင်*

အဓိပ္ပါယ်အတိအကျပြောရလျှင် လူမျိုးစုပညာရေးစနစ်များမှာ တရားမဝင်ပေ။ ယင်းစနစ်များသည် ဗဟိုအစိုးရနှင့် ဖွင့်ဟမပြောသော်လည်း သဘောတူထားချက်များမှတဆင့် လုပ်ကိုင်ဆောင်ရွက်သည်။ လူမျိုးစုဒေသများ၌ ထိုအချက်သည် လူ့အဖွဲ့အစည်းများနှင့် အစိုးရ နှစ်ခုစလုံး၏ အကျိုးစီးပွားများကို အကောင်းဆုံး အလုပ်အကျွေးပြုနိုင်ဖွယ်ရှိသည်။ အကြောင်းမှာ ပညာရေးဝန်ကြီးဌာနသည် ထိုသို့သော စနစ်များကို အသိအမှတ်ပြုပြီး အစိုးရစနစ်အတွင်းသို့ ပေါင်းစည်းပေး၍ ဖြစ်သည်။ သို့သော်လည်း ထိုသို့သော လုပ်ဆောင်ချက်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ထိန်းချုပ်ခြင်းတို့နှင့် ပတ်သက်သော နောက်ထပ်ပြဿနာများကို ပေါ်ပေါက်စေလိမ့်မည်။ ဥပမာ- အကယ်၍ မွန်အမျိုးသားဆရာများအား အစိုးရ ဆရာများအဖြစ် အသိအမှတ်ပြုလိုက်လျှင် ဘာတွေဖြစ်လာမည်လဲ။ ထိုမွန်အမျိုးသားဆရာများမှာ အစိုးရ သင်တန်းနှင့် ထောက်ခံချက်လက်မှတ်ကို တက်ရောက်ယူထားခြင်းမရှိကြပေ။ ဗဟိုအစိုးရ၊ အမျိုးမျိုးသော လူနည်းစု လူမျိုးအုပ်စုများနှင့် သူတို့၏ လက်နက်ကိုင် အုပ်စုများအကြား ညှိဖျင်သော ဆက်ဆံရေးနှင့် နက်နက်ရှိုင်းရှိုင်း မယုံကြည်မှုသမိုင်းက စေ့စပ်ညှိနှိုင်းမှုအား ကျေနပ် လောက်သော အဖြေပေါ်ထွက်လာ အောင် ဆောင်ရွက်ရန်မှာ ခက်ခဲပေလိမ့်မည်။

မြန်မာအစိုးရက ကျောင်းချိန်ပြင်ပ၌ အစိုးရ အဆောက်အဦးများအတွင်း လူမျိုးစုဘာသာစကားများ သင်ကြားပေးခြင်းကို ခွင့်ပြုရန် ဆန္ဒရှိကြောင်း ဖော်ပြထားသည်။ ထိုအချက်သည် လူမျိုးစု ပညာရေး ခက်ခဲသော ပြဿနာနှင့် ပတ်သက်၍ အပြုသဘောဆောင်သော တိုးတက်မှုလက္ခဏာဟု လူအများအပြားက ယူဆကြသည်။ အစိုးရအနေဖြင့် လူမျိုးစုဘာသာစကား သင်ရိုးညွှန်းတမ်းများ ဖန်တီး ပြုစုရေးအတွက် နောက်ဆုံးမှာ နည်းပညာထောက်ပံ့မှုတချို့ကိုလည်း ပေးလာနိုင်သည်။ ဤကဲ့သို့သော အစီအစဉ်များကို စေ့စပ်သေချာစွာ မကိုင်တွယ်ခဲ့လျှင် လူမျိုးစုခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုခဲ့လျှင် အာဏာများကို အောက်အဆင့်များသို့ အမှန်တကယ် ခွဲဝေပေးရေးနှင့် ကိုယ်ပိုင်လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးရေး ဖန်တီးနေမှု အခွင့်အလမ်းမှာ လက်လွတ်ဆုံးရှုံးရပေလိမ့်မယ်။ မြန်မာပြည်ရှိ လူမျိုးစု ပညာရေးစနစ်များမှာ ဒေသတွင်း၌သာမက ကမ္ဘာ့ အတိုင်းအတာအရလို့ပင် ပြောနိုင်လောက်အောင်ပင် တစ်မူထူးခြားလျက် ရှိသည်။ ဥပမာ- ဒေသတွင်းရှိ အခြားမည်သည့် တိုင်းပြည်မှာမှ ဤကဲ့သို့ များစွာ ထင်ရှားပီပြင်သည့် အစိုးရမ ဟုတ်သော

ပညာရေးစနစ်တစ်ရပ်ကို အစိုးရ၏ ပြုပြင်ရေးလုပ်ငန်းစဉ်နှင့် မူဝါဒအတွင်းသို့ အလိုက် အထိုက်နေရာပေး ထည့်သွင်း နေရာပေးခြင်း မရှိပေ။ တစ်ချိန်တည်းတွင် ဥပမာ-အိန္ဒိယနိုင်ငံသည် ပညာရေးကို ဒေသအလိုက် ဘာသာစကားများဖြင့် သင်ယူရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းကို အစိုးရ၏ အမိန့်အာဏာဖြင့် အပြီးအစီးဆောင်ရွက် ပေးထားသည်။

*အစိုးရမဟုတ်သော ပညာရေးစနစ်များသည် ဆက်လက်လုပ်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ရန် အခွင့်အလမ်းတစ်ရပ်ကို ရရှိစေခြင်း*

လက်ရှိအချိန်မှာ အောက်အဆင့်များသို့ မည်သည့် အာဏာ ခွဲဝေပေးမှုကိုမှ နိုင်ငံရေးအရပြုလုပ်ခြင်း မရှိသေး၍ မည်သည့်လုပ်ပိုင်ခွင့်အာဏာမှ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ ကြီးပမ်း နေကြသော ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မျိုးကို ဖန်တီးရန် အောက်ခြေ တရားဝင် ရွေ့ပြောင်းမှု မရှိသေးပေ။ ဤနိုင်ငံရေးအာဏာမျိုးကို သာ အောက်အဆင့်များသို့ ခွဲဝေပေးခဲ့မည်ဆိုပါက ဆက်လက် လုပ်ကိုင်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ခြင်းကို အထောက်အကူပြုသော နေရာတစ်ခု ဖြစ်ပေလိမ့်မည်။ ပညာရေးဖြင့် ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်တွင် အောင်မြင်မှုများကို ပြသနိုင်ခြင်းဖြင့် အောက်အဆင့်များသို့ အာဏာခွဲဝေပေးခြင်းက တိုင်းပြည်ကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲစေလိမ့်မည်ဆိုသည့် စိုးရိမ်ကြောက်ရွံ့မှုမှာ လျော့ကျသွားပေလိမ့်မည်။

*နောက်ထပ်သုတေသနပြုမှုများလုပ်ရန် အလွန် အရေးကြီးခြင်း*

နောက်ထပ် သုတေသနပြုမှုများ ပြုလုပ်သောအခါ ပိုမိုကျယ်ပြန့်သော ပထဝီဆိုင်ရာနှင့် လူမျိုးစု နယ်ပယ်ကို ထားရှိပြီး အခြားသော အပစ်အခတ်ရပ်စဲရေး ဒေသကြီးများတွင် သာမန် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်ပိုင်းရှိသော ပအို့ဝ်နှင့် ဝ ဒေသကြီးများ တွင်ပါ လူမျိုးစု ပညာရေးစနစ်များနှင့် ပတ်သက်သော နားလည်မှုကို ပိုမို ချောမွေ့အဆင်ပြေအောင် ဆောင်ရွက်သင့်သည်။ ဤဒေသကြီးအားလုံးတို့တွင် ပညာရေးနှင့် ပတ်သက်၍ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ အလွန်နည်းပါး နေသေးတာကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေး ရှေ့သို့ တိုးတက်မှုတွင် ဤစနစ်များ ပါဝင်အကျိုးပြုမှု အတိုင်းအတာကို မသိရှိရပေ။ ဤဒေသများသည် အလွန် ကျယ်ပြန့်လွှမ်းခြုံသော တစ်နိုင်ငံလုံးပါဝင်သည့် စနစ်အတွင်းသို့ ပါဝင်ပေါင်းစည်းလိုသလား၊ ပါဝင် ပေါင်းစည်းနိုင်သလားဆိုသော အချက်ကိုလည်း မသိရပေ။ အစိုးရမဟုတ်သော စစ်တပ်ထိန်းချုပ်မှုအောက်ရှိ အပစ်ရပ်ဒေသများတွင် ဒေသအလိုက် တုံ့ပြန်ဆောင်ရွက် သော ပညာရေးစနစ်တစ်ခုခု ရှိသလား ဆိုသည်ကိုလည်း မသိရပေ။ ဤအစိုးရမဟုတ်သော ဒေသများ ဗဟိုအစိုးရနှင့် ပိုမို၍ ပေါင်းစည်းမိလာသောအခါ ဤပြဿနာများ ပိုမို၍ အပူတပြင်း ဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်လာမည် ဖြစ်ပါသည်။

The Asia Foundation

No. 21, Bo Yar Zar Street
14 Ward, Kyauk Kone
Yankin Township
Yangon, Myanmar

MDRI CESD

No. 27, Pyay Road, 6 ½ Mile
Hlaing Township
Yangon, Myanmar

Photos by Nick Freeman